# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 4 October 2022 ၁၀၈၇၈


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသေးစားနှင့် အငယ်စား စက်မှုလုပ်ငန်းများသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်

## ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်း၊ စွမ်းအင်၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသတွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များအား ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် စားသောက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

**ယနေ့ ဖတ်စရာ**


NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရသည့် အကြောင်းရင်း
ဆောင်းပါး စာမျက်နှာ » ၈

မြန်မာ့လယ်ယာထွက်ကုန်များကို ဂျပန်ဈေးကွက်သို့ စံချိန်မီတင်ပို့နိုင်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်မည်
စာမျက်နှာ » ၁၁

၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ပါဝင်မှု အခြေအနေ
စာမျက်နှာ » ၁၀

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များ၊ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်ပါများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းဖြစ်၊ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်
စာမျက်နှာ » ၁၆

ကြေးမုံ

# ထက်မြက်သည့်စွမ်းရည်ဖြင့် တရားဥပဒေစိုးမိုးရေးဖော်ဆောင်

ဒီမိုကရေစီနိုင်ငံများတွင် မြို့ရွာအေးချမ်းသာယာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ရဲတပ်ဖွဲ့က အဓိကတာဝန်ယူဆောင်ရွက်ကြသည်။ ရဲတပ်ဖွဲ့၏အခန်းကဏ္ဍမှာ အဓိကကျသဖြင့် ဒေသအလိုက် ရဲတပ်ဖွဲ့ကို အဆင့်မြှင့်တင်ပြီး ပြည်သူများအား ကူညီကာကွယ်စောင့်ရှောက်ပေးနေသည်ကို တွေ့မြင်နိုင်သည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသည့် မြန်မာနိုင်ငံတွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားကို ဥပဒေနှင့်အညီ အစဉ်ကာကွယ်စောင့်ရှောက်သည့်ရဲတပ်ဖွဲ့ ဖြစ်စေရန်၊ နိုင်ငံတော်နှင့်ပြည်သူများက ယုံကြည်အားထားရသည့် အရည်အသွေးမြင့်မားပြီး စည်းကမ်းကောင်းမွန်သော ရဲတပ်ဖွဲ့ဖြစ်စေရန်၊ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များကို စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန်၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရဲတပ်ဖွဲ့၏ စွမ်းရည်နှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန်၊ လိုအပ်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၂ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေသစ်ကိုပြဋ္ဌာန်းခဲ့သည်။

“ယနေ့ တည်ဆဲဥပဒေများ ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးသောမှုခင်းများကိုကြည့်လျှင် မှုခင်းဖြစ်ပွားမှုများပြားခြင်း၊ လျော့နည်းခြင်းဆိုသည့်အကြောင်းတရားများသည် ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရေးနိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် ဆက်နွှယ်နေသည့်အတွက် လက်ရှိကျင့်သုံးနေသော ဥပဒေများနှင့်တရားစီရင်ရေးစနစ်တို့အပေါ် ၌သာ မှီခိုအားထားခြင်းတစ်ခုတည်းနှင့် မလုံလောက်တော့ဘဲ ရဲတပ်ဖွဲ့နှင့်အတူ တရားရေးကဏ္ဍမှစ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးတို့ကလည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကို တွေ့ရကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

မျက်မှောက်ကာလ၌ တစ်နေ့တခြားတိုးပွားလာသည့် လူဦးရေနှင့် လူမှုဘဝအခြေအနေတို့အရ နိုင်ငံတစ်ဝန်း ကျယ်ပြန့်လှသည့်မြို့ရွာများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုတည်းအင်အားဖြင့် လွှမ်းခြုံဆောင်ရွက်နိုင်ရန် လွယ်ကူလှသည့်အလုပ်မဟုတ်ပေ။ ထို့ကြောင့် မိမိတို့ဒေသအေးချမ်းသာယာရမည်ဆိုသည့် စေတနာဖြင့် အားလုံးလက်တွဲပူးပေါင်း ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ကျေးလက်ဒေသများ၌ ပညာရေး၊ စီးပွားရေးနိမ့်ကျမှုအခြေအနေတို့ကို အကြောင်းခံ၍ အဖျက်အမှောင့် နိုင်ငံရေးပယောဂပူးကပ်လာသောအခါတွင် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုထိပါးလာသော ကျူးလွန်မှုများဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး လျော့ရဲလာသောအခါတွင် အကြမ်းဖက်မှုများ ခေါင်းထောင်ထလာပြီး အေးချမ်းစွာနေထိုင်လိုကြသော အများပြည်သူတို့ ဆင်းရဲဒုက္ခရောက်ကြရသည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့များနှင့်အတူလက်တွဲ၍ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်ဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေချိန်ကာလအတွင်း အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် နိုင်ငံသားများ ထိခိုက်သေဆုံးခဲ့ရမှုမှ ကင်းဝေးစေရေး၊ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေနိုင်မည့် ပြည်သူ့လုံခြုံရေးအဖွဲ့များကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ရပ်ကွက်/ကျေးရွာ/ မြို့နယ်နှင့်ခရိုင်အဆင့် ဖွဲ့စည်းပေးခဲ့ပြီး ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးကို ရာနှုန်းပြည့်ရရှိသည်အထိ စီမံဆောင်ရွက်နေပြီဖြစ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ထက်မြက်သည့်စွမ်းရည်များဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## တရားမအထူးအယူခံမှုလေးမှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၁/၂၀၂၁(ရှမ်း)၊ ၂၂/၂၀၂၁ (ရှမ်း)၊ ၂၃/၂၀၂၁ (ရှမ်း)၊ ၂၄/၂၀၂၁ (ရှမ်း) စုစုပေါင်းတရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၀ (မန္တလေး)၊ ၄/၂၀၂၂ (ရခိုင်)၊ ၂၅/၂၀၂၂ (ရန်ကုန်)၊ ၂၈/၂၀၂၂ (မန္တလေး)၊ ၂၉/၂၀၂၂ (မန္တလေး) စုစုပေါင်းတရားမအထူးအယူခံမှု ငါးမှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ** ■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၁၀-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၆၀၀ | ၈၂ | ၇၇၅,၆၀၀ |
| MTSH | ၃,၅၀၀ | ၃,၆၀၀ | ၆,၆၁၅ | ၂၃,၇၅၁,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၁၃၈ | ၁,၀၆၃,၃၀၀ |
| FPB | ၁၉,၅၀၀ | ၂၀,၀၀၀ | ၂၄ | ၄၆၉,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၇၈ | ၂၁၄,၅၀၀ |
| EFR | ၂,၇၅၀ | ၂,၈၀၀ | ၁,၂၇၅ | ၃,၅၃၈,၇၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၃၀ | ၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၃**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၄၉.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၅.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၀၆၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၁.၈၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၄၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၂.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၆၂.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ညီနောင်အသင်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ တင်ပြဆွေးနွေး

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကိုယ်စား ဒေါ်သီသီဝင်း၊ ဦးဝင်းမြင့်အောင်၊ ဒေါ်ယဉ်ယဉ်မိုးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ Quick Win ဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အတိုးနှုန်းနည်းပါးသည့် ရင်းနှီးငွေများ လိုအပ်မှု၊ နည်းပညာများရရှိရေးနှင့် အခြားပံ့ပိုးပေးမှုများလိုအပ်မှု၊ ကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရန်လိုအပ်မှု၊ ပြည်တွင်းထုတ်ကုန်တိုးတက်ရေးအတွက် တရားမဝင် ကုန်စည်တင်သွင်းမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ လိုအပ်သည်များ ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ယခုနှစ်မိုးဦးကာလတွင် မိုးနည်းသည့်အတွက် ဆန်းစပါးအထွက်နှုန်း ကျဆင်းမှုရှိနိုင်သဖြင့် နွေစပါး အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ပေးရန်လိုအပ်မှု၊ နိုင်ငံတော်မှ နွေစပါးစိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးသည့်အတွက် နွေစပါးအထွက်နှုန်းတိုးတက်ရေးအတွက် အထောက်အကူဖြစ်မှု၊ ဆန်၊ စပါး ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေးစရိတ် ချေးငွေများကို နိုင်ငံတော်အစိုးရသာမက ပုဂ္ဂလိကလုပ်ငန်းများမှလည်း ထုတ်ချေးပေးမည်ဆိုပါက ဆန်၊ စပါး ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည့် အခြေအနေများ၊ ပြည်တွင်းကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ကုန်စည်ဒိုင်များ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မှု။

ဆီထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ ပြည်တွင်း၌ ဖူလုံစွာရရှိရေး၊ ပြည်တွင်း စားသုံးဆီထုတ်လုပ်မှု လျော့နည်းသည့်အတွက် လိုအပ်ချက်အရ စားသုံးဆီများ တင်သွင်းနေရမှုကြောင့် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် တိကျသည့် မူဝါဒတစ်ခုကို သုသေသနပြုချမှတ်ပေးရန်လိုအပ်မှု။

- ❖ **ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့်ပတ်သက်၍ မြေ၊ ရေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရှိပြီးဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်လျက်ရှိ**
- ❖ **ဆီထွက်ကုန်များအနက် မြေပဲသီးနှံတစ်ခုသာလျှင် အထွက်နှုန်းကောင်းမွန်ပြီး အခြားဆီထွက်သီးနှံများမှာ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်မပြည့်မီသည်ကို တွေ့ရ**
- ❖ **ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်**
- ❖ **ပြည်တွင်းဆီလိုအပ်ချက် ပြည့်မီဖူလုံစေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ဒေသထွက် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှုနှင့် အချို့သော အခက်အခဲများနှင့် ရင်ဆိုင်နေရလျက်ရှိမှု၊ ကိုဗစ်ကာလအတွင်း ချေးငွေရယူထားသည့် MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမည့်ကာလအား တိုးမြှင့်သတ်မှတ်ပေးစေလိုမှုနှင့် ရင်းနှီးမြှုပ်နှံငွေများ ဆက်လက်ဆောင်ရွက်ပေးစေလိုမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ပစ္စည်းများသည် အမှန်တကယ် ဈေးကွက်လိုအပ်ချက်ရှိသည့်အတွက် ဈေးကွက်မပြတ် လုပ်ငန်းလည်ပတ်နိုင်စေရေး ရင်းနှီးမြှုပ်နှံငွေများ ဆောင်ရွက်ပေးစေလိုမှု၊ လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ စက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် မြေနေရာလိုအပ်ချက်များ၊ ကျွမ်းကျင်လုပ်သားများအတွက် Training Center များ လိုအပ်လျက်ရှိမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်စေရေးအတွက် လိုအပ်ချက်များနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနှင့် အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မွေးမြူရေး ထုတ်ကုန်များထုတ်လုပ်လျက်ရှိမှုနှင့် မွေးမြူရေးအစာများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုအပ်မှု၊ ရော်ဘာထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးအတွက် ထိရောက်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် သွင်းအားစုများ ပြည့်ဝစွာရရှိရေး ဖြည့်ဆည်းပေးစေလိုမှု စသည်တို့နှင့်ပတ်သက်၍ လိုအပ်ချက်များ အသီးသီးအကြံပြု ဆွေးနွေးတင်ပြကြသည်။

## သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ မူဝါဒများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုးတက်လာမှု၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးနေမှုနှင့် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ခွင့်ပြုပေးထားမှုနှင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံခြားငွေများရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများအားလုံး ရင်းနှီးမြှုပ်နှံမှုချေးငွေများ ရရှိရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များကို သိရှိရေး သက်ဆိုင်ရာအဖွဲ့အစည်းများက ပညာပေးဆောင်ရွက်ရန်လိုအပ်မှု၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် သက်ဆိုင်ရာပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ မြစိမ်းရောင်စီမံကိန်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းများ၏ ဥပဒေအရ မှတ်ပုံတင်ထားရှိမှုနှင့် စက်မှုလုပ်ငန်းနည်းဥပဒေများ ရေးဆွဲလျက်ရှိမှု၊ MSME လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ပို့ကုန်သွင်းကုန် လုပ်ငန်းလိုင်စင် မှတ်ပုံတင်မှုများကို စနစ်တကျ စိစစ်ပြီးမှသာလျှင် ထုတ်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်း ဆောင်ရွက်နေမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

## တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားရာတွင် ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့်ပတ်သက်၍ မြေ၊ ရေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရှိပြီးဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်လျက်ရှိကြောင်း၊ ဆီထွက်ကုန်များအနက် မြေပဲသီးနှံတစ်ခုသာလျှင် အထွက်နှုန်းကောင်းမွန်ပြီး အခြားဆီထွက်သီးနှံများမှာ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်မပြည့်မီသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆီအုန်းမှထွက်ရှိလာသည့် ဆီများကို စားသုံးဆီသာမက စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုကို ပြည့်ဝစွာ စိုက်ပျိုးမှုမရှိသည့်အတွက် ဆီထုတ်လုပ်မှု နည်းပါးနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဆီလိုအပ်ချက် ပြည့်မီဖူလုံစေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည့်အတွက် ဆီထွက်သီးနှံစိုက်ပျိုးသည့် လုပ်ငန်းရှင်များနှင့် ဆီထုတ်လုပ်သူများအနေဖြင့်လည်း အမှန်တကယ် အလုပ်လုပ်ကြရန်

**စာမျက်နှာ ၄ သို့ »»»**

# စားသုံးဆီကို ပြည်ပမှ တင်သွင်းနေရသူ (Importer)အဖြစ်မှ ပြည်တွင်း၌ ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်သွင်းသူ(Exporter)အဖြစ်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်

»»» **စာမျက်နှာ ၃ မှ**

လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူ၊ လုပ်ငန်းရှင်များနှင့် အစိုးရတို့ ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက မကြာမီကာလအတွင်း ပြည်တွင်းဆီလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **စားသုံးဆီကို ပြည်ပမှ တင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်း၌ ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်သွင်းသူ (Exporter)အဖြစ်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

အသေးစားနှင့် အငယ်စား စက်မှုလုပ်ငန်းများသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ပပို့ကုန် အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလ ချေးငွေများ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန် အခက်အခဲများ ဖြစ်ပေါ်နေမှုအတွက် ကာလတစ်ခု သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်ရန် ငွေကြေးများ ထုတ်ချေးပေးထားခြင်းဖြစ်သဖြင့် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး ပြန်လည်ပေးဆပ်ရမည့် ကာလအတွင်း ပြည့်မီအောင် ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကိုလည်း အပြည့်အဝပေးသွင်းရန်လိုကြောင်း၊ လာမည့်ဘတ်ဂျက်ကာလများတွင် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက် ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ရရှိရန်ကျန်ရှိသည့် ချေးငွေများ ပြန်လည်ရရှိမည်ဆိုပါက ချေးငွေများကို ပိုမိုပြည့်ဝစွာ ထပ်မံထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းလည်ပတ် သုံးစွဲငွေများရှိပြီးဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေများကိုလည်း အတတ်နိုင်ဆုံးထုတ်ပေးသွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် စက်မှုလက်မှုကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

- ❖ **ကိုဗစ်ကာလချေးငွေများ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန် အခက်အခဲများ ဖြစ်ပေါ်နေမှုအတွက် ကာလတစ်ခု သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်**
- ❖ **နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်ရန် ငွေကြေးများ ထုတ်ချေးပေးထားခြင်းဖြစ်သဖြင့် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်**

MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်နှင့် လေအားတို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရန်လိုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် လိုအပ်သည့် ဒီဇယ်ဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အစိုးရမှ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံလိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် မြေနေရာလိုအပ်မှုကို နိုင်ငံတော်မှ မြေနေရာများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမြေများပေါ်တွင် စက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သီးနှံထွက်နှုန်း နည်းပါးသွားမည်ဖြစ်ကြောင်း၊ စားရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မြေနေရာများကိုမူ ခွင့်ပြုပေး၍ရနိုင်မည်မဟုတ်ဘဲ မြေလွတ်မြေရိုင်းများပေါ်တွင် စက်မှုလုပ်ငန်းဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ ခွင့်ပြုပေးလျက်ရှိကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း စနစ်ကျသည့်မွေးမြူမှုမှာ နည်းပါးကြောင်း၊ မွေးမြူရေးထွက်ကုန်များမှာ ပြည်တွင်း၌ လိုအပ်ချက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချ၍ရကြောင်း၊ မွေးမြူရေးကုန်ကြမ်းများအားလုံး ပြည်တွင်း၌ လုံလောက်စွာ ရှိပြီးဖြစ်သော်လည်း အရည်အသွေးပြည့်မီရန် လိုနေသေးကြောင်း၊ မွေးမြူရေးကို မိရိုးဖလာ မွေးမြူရေးထက် စနစ်ကျနသည့် မွေးမြူရေးဖြစ်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုဖြစ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပတင်သွင်းနေရမှုများရှိသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း မျိုးကိုကိုယ်တိုင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်မှလည်း မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေလုံလောက်စွာ ရရှိရန်လိုအပ်သကဲ့သို့ သွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ လုံလောက်စွာ ရရှိရန်လိုကြောင်း၊ ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများရရှိရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရော်ဘာထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ရော်ဘာအထွက်နှုန်းများကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသည့် ရော်ဘာကုန်ကြမ်းများရရှိအောင် နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပမှ ရော်ဘာတရားမဝင် တင်သွင်းမှုများကို ထိရောက်စွာထိန်းချုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းသည် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးအဖြေရှာနိုင်ရေး တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်

တင်ပြမှုများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ကောက်ခံခဲ့သည့် လူဦးရေသန်းခေါင်စာရင်းအရ အဆင့်မြင့်ပညာ တတ်မြောက်သူဦးရေမှာ **နည်းပါးနေသည်ကို** တွေ့ရှိရကြောင်း၊ လူသားအရင်းအမြစ်များ မွေးထုတ်ရေးအတွက် ပညာတတ်များပေါ်များအောင်လိုအပ်သဖြင့် ပညာရေးကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ အတန်းပညာများ သင်ယူနိုင်ရေးအတွက် ကျောင်းများဖွင့်လှစ်ပေးထားပြီးဖြစ်ပြီး ကျောင်းတက်ရောက်၍ ပညာသင်ယူရန်မှာ ကျောင်းသား ကျောင်းသူများနှင့် မိဘများတွင် တာဝန်ရှိကြောင်း၊ အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာကို သင်ယူရာ၌ လွယ်ကူမည်ဖြစ်ပြီး ဘဝရပ်တည်မှုကို မြင့်မားစေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ ပညာတတ်များ ပေါ်များရေးအတွက်လည်း မွေးထုတ်ပေးရန်လိုကြောင်း၊ အတန်းပညာများမြင့်မားမှသာ ခေတ်မီနည်းပညာများကို အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဘဝရပ်တည်ရေးအတွက် ပညာသည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်နှင့် ကိုက်ညီသည့် ပညာသင်ကြားမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုနှင့် စိုက်ပျိုးရေးသင်တန်းကျောင်းများကို အခြေခံပညာကျောင်းများတွင် တွဲဖက်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း။

## စီးပွားရေးမောင်းနှင်အား ကောင်းမွန်ရေး အလေးပေးဆောင်ရွက်

မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း၌ နိုင်ငံရေးအရအခက်အခဲများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ခဲ့ရကြောင်း၊ စီးပွားရေးအရ ကျဆင်းမှုရှိစေရေး နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်မှုများကို ကြုံတွေ့ခဲ့ရကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟမှုများကြောင့် ငွေကြေးတန်ဖိုးတက်လာခဲ့ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ဝင်စားမှုရှိရမည်ဖြစ်ပြီး စီးပွားရေးသည် နိုင်ငံတစ်ခု၏ အသက်ပင်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးပြိုကွဲပါက နိုင်ငံပြိုကွဲမည်ဖြစ်ကာ နိုင်ငံရေးမတည်ငြိမ်မှုများကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေး မောင်းနှင်အားများလိုအပ်ပြီး စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတည်ငြိမ်မည်ဖြစ်ကြောင်း။ **စာမျက်နှာ ၅ သို့** »»»

»»» စာမျက်နှာ ၄ မှ

## စက်သုံးဆီ၊ စားသုံးဆီနှင့် လျှပ်စစ်စွမ်းအား

ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ငွေကြေးများ ချေးပေးမှုနှင့်ပတ်သက်၍ ယခင်နှစ်က ကိုဗစ်-၁၉ အခက်အခဲ၊ နိုင်ငံရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံစီးပွားရေးပျက်ယွင်းအောင် ဆောင်ရွက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ ရပ်တန့်စေရန်ဆောင်ရွက်မှု၊ လုပ်ငန်းခွင်ဝင်ရောက်ခြင်းများကို ခြိမ်းခြောက်ခြင်းများနှင့် အကြောက်တရားများဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ **ဘဏ်စနစ်ပြိုလဲအောင် နည်းလမ်းမျိုးစုံဖြင့် ထိုးနှက်လုပ်ဆောင်ခဲ့သော်လည်း ပြိုလဲမှုမရှိစေရေး ဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊** ငွေကြေးလည်ပတ်သုံးစွဲမှုများကိုလည်း ထိခိုက်အောင် ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ ငွေကစားသူများရှိခြင်းကြောင့် ငွေကြေးတန်ဖိုးများကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ငွေကြေးကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်း၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်မှစတင်၍ ပြည်ပမှတင်သွင်းသည့် စားသုံးဆီများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုများပြားခြင်းနှင့် ပြည်တွင်းဆီထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက်များပြားနေခြင်းဖြစ်ကြောင်း။

စက်သုံးဆီနှင့်ပတ်သက်၍လည်း နှစ်စဉ်တင်သွင်းအသုံးပြုနေရသဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များ ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ စက်သုံးဆီများလျှော့ချနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားသုံး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်၍မရဘဲ အချိန်ယူဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း လောင်စာနှင့် ဓာတ်ငွေ့များအသုံးပြုခြင်းထက် နေရောင်ခြည်စွမ်းအင်သုံးနှင့် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးများကိုလည်း မီးအားအသုံးပြုမှု သက်သာသည့် LED မီးများကို ပြောင်းလဲတပ်ဆင်အသုံးပြုရန်လိုကြောင်း၊ ယခင်အစိုးရသက်တမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်ရေးအတွက်လည်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများတွင်လည်း နျူကလီးယား စွမ်းအင်အသုံးပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

## စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်မှု

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်း၊ စွမ်းအင်၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များမှရရှိသည့် နိုင်ငံခြားငွေများဖြင့် လိုအပ်သည့် ကုန်ကြမ်းများကို ပြည်ပမှတင်သွင်းခွင့်ပေးရန်အတွက် ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများရရှိရေးအတွက် ရင်းနှီးမြှုပ်နှံငွေများ ရရှိရေးကို နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေသြဇာများရရှိရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဇီဝမြေသြဇာများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချ၍ရကြောင်း၊ သဘာဝမြေသြဇာများ အသုံးပြုခြင်းကြောင့် ဓာတုဗေဒကင်းစင်မှုရှိပြီး သဘာဝမြေသြဇာများ ရရှိရေးအတွက် မွေးမြူရေးနှင့်စိုက်ပျိုးရေး ထုတ်ကုန်များကို ပိုမိုအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးမွေးမြူရေးလုပ်ငန်းများရှိကြောင်း၊ ဘဲမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံတွင် ပိုမိုကျယ်ပြန့်သည်ကိုတွေ့ရသဖြင့် အောင်မြင်အောင် မွေးမြူကြစေလိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စနစ်တကျမွေးမြူခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ငါးမွေးမြူရေးနှင့် ပတ်သက်၍လည်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် ကုန်ကြမ်းများမှာ မိမိတို့နိုင်ငံတွင် လုံလောက်စွာရှိပြီးဖြစ်ပြီး ပြည်တွင်းမှထုတ်လုပ်သည့် အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် နွေစပါးနှင့် ပဲတီစိမ်း စိုက်ပျိုးရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများမှ ရင်းနှီးမတည်ငွေများ ထုတ်ပေးခဲ့ကြောင်း၊ နောင်နှစ်များတွင် အခြားစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ရင်းနှီးမတည်ငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

ထုတ်ကုန်ပစ္စည်းများ ရောင်းချရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး အမြတ်နည်းနည်းဖြင့် များများရောင်းချနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဈေးကွက်လည်ပတ်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိ၏မူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေပိုမိုရရှိရေး များများရောင်းနိုင်ရန်လိုကြောင်း၊ နိုင်ငံတကာနှင့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံအလိုက် စီးပွားရေးသံမှူးများ ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း။

စားရေးနှင့် ဝတ်ရေးသည် လူတစ်ဦးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေးနှင့် ဝတ်ရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းများသည် ပိုမိုများပြားကြောင်း၊ ထုတ်လုပ်မှုပမာဏ များပြားမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားကို မျှတစေမည်ဖြစ်ပြီး ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နေသူများဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် အာဆီယံထက် မိမိတို့နိုင်ငံသည် နှုန်းထားအသက်သာဆုံးဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အခွန်ပေါ်တွင်မူတည်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာထက် အခွန်နှုန်းများ များပြားနေသည်များရှိပါက သတင်းပို့ဆောင်ရွက်ကြစေလိုကြောင်း၊ အခွန်တိမ်းရှောင်သူများ မရှိစေရန်လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး အခွန်များကိုလည်း မှန်မှန်ကန်ကန် ပေးဆောင်စေလိုကြောင်း၊ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ မြန်မာ့ရိုးရာလက်မှုထုတ်ကုန်များ၊ ကျောက်မျက်ရတနာထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ခံများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုများပြားခြင်းနှင့် ပြည်တွင်းဆီ ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပြည်တွင်းစားသုံးဆီ လိုအပ်ချက်များပြားနေခြင်းဖြစ်**

❖ **စက်သုံးဆီများလျှော့ချနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားသုံး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်**

❖ **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း လောင်စာနှင့် ဓာတ်ငွေ့များအသုံးပြုခြင်းထက် နေရောင်ခြည်စွမ်းအင်သုံးနှင့် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်**

# လွိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လွိုင်ကော် အောက်တိုဘာ ၃

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော်အစိုးရအနေဖြင့် သက်ကြီးရွယ်အိုများ၏ ဘဝသာယာစိုပြည်စေရေး၊ လုံခြုံသော လူမှုဘဝပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရေးအတွက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူများ၊ ဥပဒေများနှင့်အညီ ဘက်ပေါင်းစုံမှ ဆောက်ရွက်ပေးနေကြောင်း၊ ကယားပြည်နယ်တွင် လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိသော ဘိုးဘွား ၄၅၈ ဦးကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ငွေကျပ် ၁၃ ဒသမ ၇၄ သန်း၊ ပြည်နယ်ဘိုးဘွားရိပ်သာကို ငွေကျပ် ၃ ဒသမ ၅၂၈ သန်း၊ စိန်မာတင်ဘိုးဘွားရိပ်သာကို ငွေကျပ် ၃ ဒသမ ၅၂၈ သန်းတို့ကို လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ထောက်ပံ့ပေးခဲ့ကြောင်း၊ ပြည်နယ်အတွင်း သက်ကြီးရွယ်အိုအားလုံး၏ အခွင့်အရေးလုံခြုံသည့်ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး၊ ဥပဒေနှင့်အညီအပြည့်အဝ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ အားလုံးတို့က ဝိုင်းဝန်းပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်းရှိ အသက်အကြီးဆုံး ဘိုးဘွားသုံးဦးအား ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေကိုလည်းကောင်း၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဂါရဝလက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဘိုးဘွားများကိုယ်စား သက်ကြီးဘိုးဘွားတစ်ဦးက ဆုတောင်းမေတ္တာစကားပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများနှင့် မိသားစုဝင်များ၊ လူမှုအားမာန်အဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခမ်းအနားသို့ တက်ရောက်လာကြသော သက်ကြီးရွယ်အိုအဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံ၏စီးပွားရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို အမြော်အမြင်ကြီးစွာ စီမံအုပ်ချုပ်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများက ကြိုးပမ်းအားထုတ်

☆ ကျော်ဖုံးမှ

ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးကို "နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ" ၏ တတိယအကြိမ်အစည်းအဝေးတွင် ဗဟိုကော်မတီပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြပေးနိုင်ရေးနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း။ ဗဟိုကော်မတီအစည်းအဝေးများ ကျင်းပဆောင်ရွက်ပြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကဏ္ဍများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များအဖြစ် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ် (Integrated Coastal Management–ICM)ဖော်ထုတ်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဖွဲ့စည်းနိုင်ခဲ့မှု၊ ပင်လယ်ပြင်ညစ်ညမ်းမှုထိန်းချုပ်ရေးဥပဒေ အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ အဏ္ဏဝါဂေဟစနစ်တန်ဖိုးမြင့်မားပြီး ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့်နေရာများကို ငါးမဖမ်းရနယ်မြေများ သတ်မှတ်နိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသတိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဒီရေတောများ၊ ကြိုးဝိုင်း–ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့မှု၊ ကိုကိုးကျွန်းအပါအဝင် ကမ်းရိုးတန်းမြို့နယ် ၆၀ ၌ ဒီရေတောနှင့် အရိပ်ရပင် တစ်အုပ်တစ်မ စိုက်ခင်းများ တည်ထောင်စိုက်ပျိုးနိုင်ခဲ့မှု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ဦးဆောင်ကြီးကြပ်မှုနှင့် ပင်လယ်ပြင်ဥပဒေစိုးမိုးရေး မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု စသည်တို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း။

## ဖော်ထုတ်ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက်အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်သည့် သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်အောင် စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိကြောင်း၊ ထိုသို့စီမံအုပ်ချုပ်သည့်အခါ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများ ဖော်ထုတ်ဆောင်ရွက်နေသည့် စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာ လုပ်ငန်းနယ်ပယ်များ၏ ဖွံ့ဖြိုးရေးမူဝါဒများ၊ သဘောတရားများနှင့် လည်းချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက် ၁၇ ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများက အပြာရောင်စီးပွားရေး(Blue Economy)သဘောတရားများဖော်ထုတ်ဆောင်ရွက်လာခဲ့ပြီး ဒေသတွင်းမိတ်ဖက်နိုင်ငံများ၌လည်း အကောင်အထည်ဖော်ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

အပြာရောင်စီးပွားရေး၏ဆိုလိုရင်းမှာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်အတူ ပင်လယ်၊ သမုဒ္ဒရာသယံဇာတများကို အသုံးချရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်ပေးပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများရရှိရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် စီမံအုပ်ချုပ်သည့်စနစ်တစ်ရပ်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေး၏ အခြေခံသဘောတရား နှစ်ရပ်မှာ သဘာဝသယံဇာတများကိုကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် ပင်လယ်၊ သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော စီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းများအားလုံးကိုစနစ်တကျအသုံးချခြင်းတို့ ရရှိအောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

## အဏ္ဏဝါဂေဟစနစ်များ စုံလင်စွာတည်ရှိ

မြန်မာနိုင်ငံ၏အပြာရောင်စီးပွားရေးဖော်ထုတ်နိုင်မည့်အလားအလာကို သုံးသပ်ရလျှင် နိုင်ငံ၏ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော်ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော် ဒေသဂေဟစနစ်တစ်ခုလုံး၏ ငါးပုံ တစ်ပုံကို ပိုင်ဆိုင်ထားခြင်း၊ သဲသောင်ကမ်းခြေ ဂေဟစနစ်၊ ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ် စသည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များစုံလင်စွာတည်ရှိခြင်း၊ ရေထွက်ကုန်အမျိုးမျိုးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးထုတ်ယူအသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ ပုလဲထုတ်ယူခြင်းနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ လေစွမ်းအင်ကဲ့သို့ ကမ်းရိုးတန်းအခြေပြုပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးနိုင်ခြင်း၊ ဒီရေတောနှင့် ပင်လယ်သမုဒ္ဒရာက ထိန်းသိမ်းထားသည့် အပြာရောင်ကာဗွန်သိုလှောင်နိုင်မှုရှိခြင်း၊ သဘာဝအတိုင်းတည်ရှိနေသည့် ကမ်းခြေနှင့်ကျွန်းများရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေ တိုင်းရင်းသားများ၏ စုံလင်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့် သဘာဝတရား၏ အခွင့်အလမ်းများစွာကို စနစ်တကျနှင့် ဖော်ထုတ်အသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေးသည် အခွင့်အလမ်းများစွာရှိသကဲ့သို့ စိန်ခေါ်မှုများအနေဖြင့် မြန်မာနိုင်ငံ၏ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါးပုစွန် ရေထွက်သယံဇာတများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့်အပေါ် ဖြေရှင်းဆောင်ရွက်ရန်၊ ၎င်းတို့၏ အကျိုးဆက်အနေဖြင့် အစားအစာလုံခြုံစိတ်ချမှုများလျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လျော့နည်းလာခြင်းကိုဖြေရှင်းဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာစိန်ခေါ်မှုများကို လျှော့ချနိုင်ရန်၊ ပင်လယ်အတွင်း ပလတ်စတစ်အမှိုက်များ၊ e–waste များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများစသည့် အမှိုက်စွန့်ပစ်မှုများ ထိန်းချုပ်ရန်စသည့် လက်ရှိစိန်ခေါ်မှုများကို ထိထိရောက်ရောက် အလေးထားဖြေရှင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## အရေးပါသည့်နိုင်ငံအဖြစ် ရပ်တည်

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏(Belt and Road Initiative) နိုင်ငံများစာရင်းတွင်ပါဝင်ပြီး ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမနှင့် ပိုးလမ်းမစီးပွားရေးရပ်ဝန်းသစ်တွင် ပထဝီဝင်မဟာဗျူဟာအရလည်းကောင်း၊ ပထဝီဝင်စီးပွားရေးအရလည်းကောင်း အလွန်အရေးပါသည့် နိုင်ငံအဖြစ်ရပ်တည်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပင်လယ်ရေကြောင်း ပိုးလမ်းမ၏အဓိက စီးပွားရေးစင်္ကြံ ခြောက်ခုအနက် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ – မြန်မာ စီးပွားရေးစင်္ကြံအတွင်း ကျရောက်လျက်ရှိပြီး တောင်အာရှနှင့်အရှေ့တောင်အာရှ ဗဟိုဆုံချက်အဖြစ် တည်ရှိနေကြောင်း။

အိန္ဒိယသမုဒ္ဒရာနှင့် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိတ်ပြည်နယ်များအကြား ပင်လယ်ထွက်ပေါက်အဖြစ် တည်ရှိခြင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းဖြင့် တရုတ်နိုင်ငံမှ တောင်အာရှ–အနောက်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံများနှင့် ရေကြောင်း ဆက်သွယ်မှုအကွာအဝေး ကီလိုမီတာ ၅၀၀၀ ခန့် လျှော့ချပေးနိုင်ခြင်းတို့အပြင် အိန္ဒိယနိုင်ငံနှင့်ပင်လယ်ထွက်ကုန်အပါအဝင် ကုန်စည်ပို့ဆောင်ရေးအတွက်ပါ မြန်မာ့ကမ်းရိုးတန်းရှိ ဆိပ်ကမ်းများက အလွန်အရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေး အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို အမြော်အမြင်ကြီးစွာ စီမံအုပ်ချုပ်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများက ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ဖော်ထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကိုသာ ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ဖြေရှင်းဆောင်ရွက်ရမည့်စိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်နိုင်မည့်မူဝါဒများ ပေါ်ထွက်လာစေရေး အလေးထားလေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအခြေပြု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အပြာရောင်စီးပွားရေးဆိုင်ရာမူဝါဒများဖော်ထုတ်ချမှတ်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သည့် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းတည်ထောင်လျက်ရှိကြောင်း။

ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသူများနှင့် တည်ထောင်သူများအကြား ထိထိရောက်ရောက် ညှိနှိုင်းပေါင်းစပ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် "နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ" "လုပ်ငန်းကော်မတီ" "ပင်လယ်ကမ်းရိုးတန်းဒေသတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ" နှင့် ခရိုင်အဆင့်ကော်မတီများကို ဖွဲ့စည်းပြီးဖြစ်၍ ညှိနှိုင်းပေါင်းစပ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ အပြာရောင်စီးပွားရေးဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင် ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်ကို ဖော်ထုတ်ချမှတ် အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

## ရေရှည်ဖွံ့ဖြိုးရေးမူများကို အခြေခံ

မြန်မာနိုင်ငံ၏ ICM အစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပြီး အတည်ပြုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ICM အစီအစဉ်၏ အန္တိမရည်မှန်းချက်သည် "မြန်မာ့ကမ်းရိုးတန်းနှင့် အဏ္ဏဝါ သယံဇာတများကိုနိုင်ငံ၏ သဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထားရမည်၊ အဆိုပါသယံဇာတများကို အကျိုးဆက်စပ် ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ဟန်ချက်ညီမျှရေးမူ၊ သဘာဝနှင့် လူသားတို့ကြောင့် ထိခိုက်နိုင်မှုအပေါ် တုံ့ပြန်ကာကွယ်နိုင်စွမ်းကို မြှင့်တင်ရေးမူ၊ အားလုံးပါဝင်မှုဖြင့်လက်ရှိနှင့် အနာဂတ် မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးရေးမူများကိုအခြေခံ၍ အကျိုးရှိစွာ အသုံးချနိုင်ရေး" တို့ဖြစ်ကြောင်း။

## လုပ်ငန်းစဉ်(၆)ရပ်အပေါ် အခြေပြု

မြန်မာ့ ICM ကို စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ အဖွဲ့အစည်းနှင့် အုပ်ချုပ်မှုဆိုင်ရာစွမ်းဆောင် ရည်မြှင့်တင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ သုတေသနနှင့် ကြီးကြပ်စစ်ဆေးခြင်း၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် တာဝန်သိတာဝန်ခံသော စီးပွားရေးလုပ်ငန်းများချိတ်ဆက်၍ ဆောင်ရွက်ခြင်း စသည့် မဟာဗျူဟာလုပ်ငန်းစဉ် (၆)ရပ်အပေါ် အခြေပြုဆောင်ရွက်ရန် ရေးသားထားပြီးကြောင်း။

သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ ICM အစီအစဉ် ရေးသားပေးနေသည့် အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့ပညာရှင်က ICM ဆိုင်ရာ ဒေသတွင်းနိုင်ငံများ၏ နမူနာကောင်းများကို ၂၀၂၂ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ (ဒုတိယအကြိမ်)အစည်းအဝေးတွင် လေ့လာတင်ပြခဲ့ပြီးဖြစ်သကဲ့သို့ ICM အပေါ် ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက အကြံပြုထားသည့် အချက်များကို လေ့လာပြင်ဆင်နိုင်ရေးနှင့် အတည်ပြုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အတွက် မကြာမီ ICM ကို အတည်ပြုနိုင်တော့မည်ဖြစ်ကြောင်း။

> ❍ အပြာရောင်စီးပွားရေး၏ဆိုလိုရင်းမှာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်အတူ ပင်လယ်၊ သမုဒ္ဒရာသယံဇာတများကို အသုံးချရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်ပေးပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများရရှိရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် စီမံအုပ်ချုပ်သည့်စနစ်တစ်ရပ်ဖြစ်
>
> ❍ အပြာရောင်စီးပွားရေး၏ အခြေခံသဘောတရား နှစ်ရပ်မှာ သဘာဝသယံဇာတများကိုကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် ပင်လယ်၊ သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော စီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းများအားလုံးကိုစနစ်တကျအသုံးချခြင်းတို့ ရရှိအောင်ဆောင်ရွက်ခြင်းဖြစ်

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံ၏ ICM အစီအစဉ် ပေါ်ထွက်လာစေခြင်းဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်ရန်နှင့် အပြာရောင်စီးပွားရေးဖွံ့ဖြိုးစေရန် လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့် အစီအမံများဆိုင်ရာ မဟာဗျူဟာမြောက် လမ်းညွှန်အဖြစ် ရည်ညွှန်းကိုးကားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**မူဝါဒအသစ်များ ရေးဆွဲဖော်ထုတ်**

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်း သယံဇာတများ စီမံအုပ်ချုပ်ခြင်းအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ခေတ်ကာလအလိုက် လိုအပ်သည့် ဥပဒေ၊ မူဝါဒအသစ်များကို ရေးဆွဲဖော်ထုတ်လျက်ရှိကြောင်း။

ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ဥပဒေစိုးမိုးရေးလုပ်ငန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ခေတ်ကာလအရ နိုင်ငံတော်က တိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့ကဲ့သို့ အဖွဲ့အစည်းများတိုးချဲ့ဖွဲ့စည်းပေးပြီး ဥပဒေစိုးမိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် အခြေခံကောင်းများကိုလည်း ဖော်ထုတ် ဆောင်ရွက်လျက်ရှိသည့်အတွက် အပြာရောင်စီးပွားရေး ကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

**အခွင့်အလမ်းများ ဖော်ဆောင်**

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ရှည်လျားသည့်ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတ များပေါကြွယ်ဝပြီး အဆိုပါ သယံဇာတများမှ နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကအခန်းကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ရေး အလေးပေးဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဆိုင်ရာ ဦးတည်ချက်(၃)ရပ်နှင့်အညီ ပင်လယ်ကမ်းရိုးတန်းမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံ့ ခေါင်းဆောင်များ၏ အပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာချက်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် (၃၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ထုတ်ပြန်ခဲ့သည့် ကိုဗစ်-၁၉

**○ မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်ကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးနိုင်မှသာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်သည့်အတွက် ပင်လယ်ကမ်းရိုးတန်းဒေသနေ ကျေးလက်ပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားကြရမည်**

နှင့် အဏ္ဏဝါသယံဇာတစီမံအုပ်ချုပ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများ ဖြစ်သည့်အတွက် ကျေးလက်ကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးနိုင်မှသာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်သည့်အတွက် ပင်လယ်ကမ်းရိုးတန်းဒေသနေ ကျေးလက်ပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားကြရကာလအလွန် အာဆီယံဒေသတွင်းပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရန်နှိုးဆော်ထားရှိမှုကို ဒေသတွင်းဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် စီမံချက်များဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့စီမံဆောင်ရွက်ရာတွင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲမှုဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များရရှိရေး ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတ ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး (ကိုယ်စား) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# (၄၃) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်များအသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

အာဆီယံဥပဒေပညာရှင်များအသင်း-အင်ဒိုနီးရှား (ALA-Indoneisa)က Hybrid စနစ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် လက်ခံကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်များအသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေးသို့ အာဆီယံဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌ စင်ကာပူနိုင်ငံ တရားသူကြီးချုပ် H.E. Sundaresh Menon နှင့် အာဆီယံဥပဒေပညာရှင်များအသင်း-အင်ဒိုနီးရှား၏ ဥက္ကဋ္ဌ တရားသူကြီးချုပ် H.E. Muhammad Syarifuddin တို့၏ ဖိတ်ကြားချက်အရ အာဆီယံဥပဒေပညာရှင်များအသင်း(မြန်မာ)ဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

**လေးစားလိုက်နာလျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဥပဒေပညာရှင်များအသင်းတွင် ၂၀၁၂ ခုနှစ် ကတည်းက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အာဆီယံဥပဒေပညာရှင်များအသင်း(မြန်မာ)အနေဖြင့် အသင်း၏ လုပ်ဆောင်မှုများနှင့် အမျိုးမျိုးသောအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊




ထို့အပြင် ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အာဆီယံဥပဒေပညာရှင်များအသင်း၏ ကော်မတီအလိုက် ဥပဒေရေးရာလုပ်ငန်းစဉ်များတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ် (Alternative Dispute Settlement Mechanism) နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအသစ်အား ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် တရားမကျင့်ထုံးဥပဒေအား ပြင်ဆင်ခဲ့ပြီး တရားမမှုဆိုင်ရာ အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းခြင်း (Mediation) နည်းလမ်းဖြင့် တရားရုံးတွင်ဖြေရှင်းသည့်စနစ်ကို ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများကို မျှဝေပေးရန် တာဝန်ရှိသည့်အလျောက် အများပြည်သူက ဥပဒေဆိုင်ရာ သတင်းအချက်အလက်များ လွယ်ကူစွာသိရှိနိုင်ရန် မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်(Myanmar Law Information System Website (MLIS))အား တည်ထောင်ထားရှိသာမက အစိုးရဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းများကို ဥပဒေရေးရာအသိပညာများ သိရှိနားလည်နိုင်စေရန် ဥပဒေသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသင်တန်းများတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေ၊ တရားမဥပဒေ၊ စီးပွားရေးစာချုပ်စာတမ်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရဝန်ထမ်းများ သိသင့်သိထိုက်သော အခြားဥပဒေရေးရာအကြောင်းအရာများကို သင်ကြားပို့ချလျက်ရှိကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အာဆီယံ E-Commerce Agreement ကို အတည်ပြုပါဝင်ခဲ့ပြီး Digital Economy Road Map 2018-2025 ကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး E-commerce ဥပဒေ (မူကြမ်း)၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေတို့ကို ရေးဆွဲလျက်ရှိကြောင်း၊ အာဆီယံဥပဒေပညာရှင်များအသင်းသည် ဥပဒေရေးရာနယ်ပယ်အမျိုးမျိုးမှ ကျွမ်းကျင်ပညာရှင်များ စုဝေးရာနေရာဖြစ်ပြီး ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများနှင့် သတင်းအချက်အလက်များကို အပြန်အလှန် ဖလှယ်နိုင်သည့် တစ်ခုတည်းသောနေရာဖြစ်ကြောင်း၊ ဤအစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးချက်များသည် အာဆီယံ၏ One Vision၊ One Identity၊ One Community ရည်မှန်းချက် အောင်မြင်ဖြစ်ထွန်းစေရန်အတွက် အကျိုးပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

အစည်းအဝေးတွင် (၄၂)ကြိမ်မြောက် ALA Governing Council အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ASEAN Law Institute Annual Report 2022 နှင့် Workplan 2023 တို့ကို အတည်ပြုခြင်း၊ အာဆီယံနိုင်ငံများအတွင်း အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ် (Alternative Dispute Settlement Mechanism) ဆိုင်ရာကျင့်သုံးမှုများကို တင်ပြဆွေးနွေးခြင်းနှင့် အာဆီယံဥပဒေစာချုပ်စာတမ်းများအား အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များကို အာဆီယံဥပဒေပညာရှင်များအသင်း အဖွဲ့ဝင်များအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရသည့် အကြောင်းရင်း

မင်းခန့်

မကြာသေးခင်ကပဲ စာရေးသူအနေနဲ့ အကြမ်းဖက်ဝါဒနဲ့ပတ်သက်တဲ့ စာတမ်းဖတ်ပွဲတစ်ခုတက်ရောက်ရင်း ရရှိလာတဲ့ ဗဟုသုတနဲ့ အချက်အလက်တွေအရ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေနဲ့ပတ်သက်လို့ ဆွေးနွေးစရာလေးတွေ ရှိလာပြန်ပါတယ်။ ကမ္ဘာပေါ်မှာ အကြမ်းဖက်လုပ်ရပ်လို့ သတ်မှတ်နိုင်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ မြောက်မြားစွာရှိနေသလို အကြမ်းဖက်တိုက်ခိုက်တဲ့နည်းလမ်းတွေ၊ အကြမ်းဖက်တိုက်ခိုက်ရတဲ့အကြောင်းရင်းတွေက အချိန်နဲ့အမျှ ပြောင်းလဲနေပါတယ်။

အကြမ်းဖက်ဝါဒ (Terrorism) နဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအားလုံးက တညီတညွတ်တည်း လက်ခံထားတဲ့ တိကျတဲ့ တရားဝင် အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးဘူးလို့ ဆိုကြပါတယ်။ ဒီလိုမရှိရတဲ့အကြောင်းရင်းကတော့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ အခြားသောနိုင်ငံရေးအရဖြစ်တဲ့ သွေးထွက်သံယိုမှုတွေ၊ ရာဇဝတ်မှုတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ဆက်စပ်နေတာကြောင့် တိတိပပအဓိပ္ပာယ်ဖွင့်ဆိုဖို့ ခက်ခဲနေတာဖြစ်ပါတယ်။

ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မရှိတဲ့ အရပ်သားတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်မှုတွေ ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြတဲ့ CRPH/NUG/PDF အဖွဲ့တွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် တရားဝင်သတ်မှတ်ဖို့ နိုင်ငံတကာမှာ နိုင်ငံရေးအရ အငြင်းပွားမှုတွေ ရှိနေတာကို တွေ့နေရပါတယ်။ အထူးသဖြင့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တည်ဆဲဥပဒေများအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့ CRPH/NUG/PDF အဖွဲ့တွေကို အချို့သော နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်များက နိုင်ငံရေး အကြောင်းပြချက်နဲ့ ထိတွေ့ဆက်ဆံမှုပြုလုပ်နေတာ ကြားသိနေရပါတယ်။ အမှန်စင်စစ် NUG အဖွဲ့ဟာ နိုင်ငံရေးအကျပ်အတည်းကြောင့် ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းတစ်ရပ်အသွင် လှုပ်ရှားနေပေမယ့် သူတို့အဖွဲ့ရဲ့ ဦးတည်ချက်နဲ့ လှုပ်ရှားမှုများဟာ ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထားတဲ့ အကြမ်းဖက်ဝါဒ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့သာမက သဘောတူသတ်မှတ်ထားတဲ့ အကြမ်းဖက်လုပ်ရပ်ပုံသဏ္ဌာန်များအတိုင်း လုပ်ဆောင်နေတယ်ဆိုတာ ငြင်းမရနိုင်တဲ့ သက်သေအထောက်အထားများစွာ ရှိနေပါတယ်။**

ဒါကြောင့် ဒီဆောင်းပါးမှာတော့ CRPH/NUG/PDF တွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် ဘာကြောင့် သတ်မှတ်ရသလဲ၊ NUG ကျင့်သုံးနေတဲ့ အကြမ်းဖက်ဝါဒပုံစံက ဘယ်လိုမျိုးလဲ ဆိုတာကို နိုင်ငံတကာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ စံသတ်မှတ်ချက်တွေနဲ့ ၎င်းတို့ရဲ့လက်တွေ့ မြေပြင်က လုပ်ရပ်တွေကို ချိန်ထိုးဖော်ထုတ် သုံးသပ်ပြသွားမှာ ဖြစ်ပါတယ်။

**အကြမ်းဖက်ဝါဒ (Terrorism) ၏ အဓိပ္ပာယ်**

Oxford အဘိဓာန်မှာတော့ အကြမ်းဖက်ဝါဒ (Terrorism) ဆိုတာ “နိုင်ငံရေး ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် အရပ်သားတွေအပေါ်မှာ သွေးထွက်သံယိုမှုတွေနဲ့ ခြိမ်းခြောက်မှုတွေကို ဥပဒေမဲ့ကျူးလွန်ခြင်း” (the unlawful use of violence and intimidation, especially against civilians, in the pursuit of political aims)လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်က အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လွယ်လွယ်ကူကူနဲ့ ရှင်းရှင်းလင်းလင်း ထင်ဟပ်စေတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်လို့ ပြောလို့ရပါတယ်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ကထုတ်ပြန်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံဆုံးဖြတ်ချက် (၄၉/၆၀)မှာ အကြမ်းဖက်ဝါဒ/ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ဖော်ပြထားတာက “Criminal acts intended or calculated to provoke a state of terror in the general public, a group of persons or particular persons for political purposes are in any circumstance unjustifiable, whatever the considerations of a political, philosophical, ideological, racial, ethnic, religious or any other nature that may be invoked to justify them”လို့ဆိုပါတယ်။ ဒါကြောင့် အကြမ်းဖက်လုပ်ရပ်တွေဆိုတာ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မဆို နိုင်ငံရေးရည်မှန်းချက်အတွက် လူထုကြားမှာ အထိတ်တလန့်ဖြစ်စေဖို့ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေဖြစ်တယ်လို့ ဆိုထားတာဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ “အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ” မှာလည်း အကြမ်းဖက်မှုဆိုတာ “အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အဆောက်အဦများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အဦ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ အသုံးအဆောင်ပစ္စည်းများ ဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှု” တွေဖြစ်တယ်လို့ အတိအလင်းသတ်မှတ်ထားပါတယ်။ ဒ့ါအပြင် “အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ ဥပဒေနှင့် မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ် ပြုလုပ်စေခြင်း၊ စစ်ပြိုင်မှုတွင် ပါဝင်တိုက်ခိုက်ခြင်းမရှိသူ တစ်ဦးဦးကို သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများ” ကလည်း အကြမ်းဖက်မှုမြောက်တယ်လို့ ဖော်ပြထားရှိပါတယ်။



ဒါကြောင့် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ခြုံငုံလေ့လာကြည့်မယ်ဆိုရင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ အဖြေမရှာဘဲ လက်နက်ကိုင်မဟုတ်တဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားပြီး အကြောက်တရားသွင်းဖို့ ခြိမ်းခြောက်တာတွေ၊ အကြမ်းဖက်သတ်ဖြတ်နေတာတွေက ကမ္ဘာ့လူ့အဖွဲ့အစည်းတွေအားလုံးလက်ခံထားတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေပဲ ဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း တွေ့နိုင်ပါတယ်။

**NUG အကြမ်းဖက်အဖွဲ့၏ ဇာစ်မြစ်**

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်ကို လေ့လာကြည့်မယ်ဆိုရင် NLD အစိုးရအနေနဲ့ နောက်တစ်ဆက် အစိုးရထပ်ဖွဲ့နိုင်ဖို့ ရည်ရွယ်ချက်နဲ့ မတော်မတရား ကြိုးပမ်းတာတွေကနေ နိုင်ငံရေးမတည်ငြိမ်မှုတွေ စတင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် NLD အစိုးရနဲ့ ယခင် ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ရည်ရွယ်ချက်ရှိရှိ မဲမသမာမှုတွေ ကျူးလွန်ခဲ့ပြီး ဥပဒေကို အလွဲသုံးစားလုပ်ခဲ့မှုတွေကြောင့် တပ်မတော်က ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ ဒီလို ဥပဒေနဲ့အညီ တပ်မတော်ရဲ့လုပ်ဆောင်ချက်ကို လက်မခံနိုင်လို့ အာဏာပြန်လည်ရရှိရေး လက်နက်ကိုင်တော်လှန်ရေးလုပ်တာကို ဒီမိုကရေစီအတွက် နိုင်ငံရေးလှုပ်ရှားမှုလို့ သတ်မှတ်လို့မရနိုင်ပါဘူး။ တကယ်တော့ NLD အစိုးရအနေနဲ့ ရွေးကောက်ပွဲမသမာမှုတွေကို ဥပဒေအရ ငြိမ်းချမ်းစွာ အဖြေရှာလို့ရပါလျက်နဲ့ မျက်ကွယ်ပြုပြီး NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းတွေနဲ့ဖွဲ့စည်းခဲ့တဲ့ CRPH မှတစ်ဆင့် NUG၊ PDF အဖွဲ့တွေပေါ်ပေါက်လာပြီး သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေခြင်းသာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ NLD ထောက်ခံသူတွေ ဦးဆောင်ခဲ့တဲ့ ဆန္ဒပြမှုတွေက အစပိုင်းမှာတော့ ငြိမ်းချမ်းစွာဆန္ဒပြမှုဖြစ်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အစွန်းရောက် အကြမ်းဖက်မှုတွေဆီကို ဦးတည်ခဲ့ပါတယ်။ ဒီအချိန်မှာတော့ ငြိမ်းချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေ မပါဝင်တော့ဘဲ CRPH/NUG တို့ ဖွဲ့စည်းခဲ့တဲ့ဒေသအလိုက် ကာကွယ်ရေးတပ်ဖွဲ့အမည်ခံ PDF အစွန်းရောက်တွေက အကြမ်းဖက်မှုတွေ ကျူးလွန်နေကြတာဖြစ်ပါတယ်။ NUG အကြမ်းဖက်အဖွဲ့ဝင်တွေက ပြည်ပနိုင်ငံအချို့မှာ ခိုလှုံနေထိုင်ပြီး မြန်မာနိုင်ငံအတွင်းက ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF) အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေကို ငွေကြေးနဲ့ လက်နက်ခဲယမ်းတွေ ထောက်ပံ့ပေးပြီး အကြမ်းဖက်လုပ်ငန်းတွေလုပ်ဖို့ စီမံခိုင်းစေခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖိအားပေးခြင်းတို့ ပြုလုပ်ခဲ့ကြပါတယ်။

**NUG အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များ**

CRPH/NUG တို့ရဲ့ ဦးဆောင်စေခိုင်းမှုနဲ့ လက်ဝေခံလော်ဘီတွေရဲ့ ဆိုရှယ်မီဒီယာတွေကနေတစ်ဆင့် အစွန်းရောက်အတွေးအမြင်တွေ၊ လှုံ့ဆော်မှုတွေကြောင့် လက်အောက်ခံ PDF တွေ ကျူးလွန်ခဲ့ကြတဲ့ လုပ်ရပ်တွေဟာ နိုင်ငံတကာက သတ်မှတ်ထားတဲ့ အကြမ်းဖက်မှုပုံစံတွေနဲ့ ထပ်တူညီနေတာကို တွေ့ရပါတယ်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်း ဦးမျိုးမင်းထွဋ်အား PDF အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်မှု။



PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးတာဝါတိုင် အမှတ် ၁၃၀ ပျက်စီးနေမှု။

CRPH/ NUG/ PDF အမည်ခံ အကြမ်းဖက်သမားတွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့အထိ အပြစ်မဲ့ပြည်သူတွေကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှု ၃၉၉၇ ကြိမ်၊ စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို ဗုံးခွဲတိုက်ခိုက်မှု ၄၉၈၁ ကြိမ်၊ မီးရှို့တိုက်ခိုက်မှု ၆၅၃ ကြိမ်၊ စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အအုံတွေ ဖျက်ဆီးမှု ၇၂၅ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံးများ တိုက်ခိုက်ခံရမှု ၂၅၄ ကြိမ်၊ စက်ရုံတွေတိုက်ခိုက်ခံရမှု ၅၈ ကြိမ်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးခံရမှု ၄၂၁ ကြိမ်၊ လျှပ်စစ်တာဝါတိုင်တွေ ဖောက်ခွဲဖျက်ဆီးခံရမှု ၁၄ ကြိမ်၊ ကိုဗစ်ကုသရေးစင်တာတွေ တိုက်ခိုက်မှု ၁၁ ကြိမ် ရှိခဲ့ပါတယ်။

အကြမ်းဖက်သတ်ဖြတ်ခံရသူတွေမှာ ရဟန်းသံဃာတော် ၅၅ ပါး၊ ပညာရေးဝန်ထမ်းတွေနဲ့ ဆရာဆရာမ ၃၉ ဦး၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ သက်ဆိုင်ရာဝန်ထမ်း ၁၃ ဦး၊ ဒလန်စွပ်စွဲချက်နဲ့ မိသားစုလိုက်သတ်ဖြတ်မှုကြောင့် ကလေးသူငယ် ၈၉ ဦး၊ အုပ်ချုပ်ရေးမှူး ၅၂၄ ဦး၊ စစ်မှုထမ်းဟောင်း ၁၂၀ တို့အပါအဝင် အပြစ်မဲ့အရပ်သား သေဆုံးမှု ၃၆၆၄ ဦး ရှိခဲ့ပါတယ်။ နိုင်ငံတကာနဲ့သက်ဆိုင်ပြီး မြင်သာမယ့်ဥပမာကိုပြရရင် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနဲ့မှ ပတ်သက်ခြင်းမရှိတဲ့ မော်လမြိုင်မြို့ WHO ရုံးခွဲက ဝန်ထမ်း ဦးမျိုးမင်းထွဋ်ကို ၈-၆-၂၀၂၂ ရက်နေ့က အကြမ်းဖက်သမားတွေ လမ်းပေါ်မှာတင် ပစ်သတ်ခဲ့ကြပါတယ်။ အကြောင်းပြချက်ကတော့ ဦးမျိုးမင်းထွဋ်ဟာ နစကအဖွဲ့ဝင် အရာရှိကြီးတစ်ဦးနဲ့ ဆွေမျိုးတော်စပ်လို့ NUG အဖွဲ့ရဲ့ Hit List စာရင်းအရ သတ်တယ်လို့ ဆိုပါတယ်။ **စာမျက်နှာ ၉ သို့** ◆

◆ စာမျက်နှာ ၈ မှ

သူတို့ရဲ့အကြောင်းပြချက်က လူတစ်ဦးကို သတ်ရလောက်အောင် ကျိုးကြောင်းခိုင်လုံပါရဲ့လားဆိုတာ စဉ်းစားသုံးသပ် ကြည့်စေချင်ပါတယ်။ အမှန်တကယ်ကတော့ သူတို့စွပ်စွဲချက်က မဟုတ်သလို သာမန်အပြစ်မဲ့ပြည်သူတစ်ဦးသာဖြစ်တဲ့ ကုလသမဂ္ဂရဲ့ တရားဝင်ဝန်ထမ်းတစ်ဦးကိုတောင် ရက်ရက်စက်စက် လူအများကြားမှာ သေနတ်နဲ့ပစ်ခတ်တဲ့လုပ်ရပ်ဟာ ရိုင်းစိုင်းယုတ်မာတဲ့ အကြမ်းဖက်လုပ်ရပ်ပဲဖြစ်ပါတယ်။


PDF အကြမ်းဖက်သမားတွေဟာ ဒီလို သာမန်အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ လုပ်နေတဲ့အပြင် ပြည်တွင်းအကြမ်းဖက်သောင်းကျန်းသူအဖွဲ့အချို့နဲ့ ပူးပေါင်းပြီး လူအများအပြား သေကျေပျက်စီးစေနိုင်တဲ့ လူမဆန်တဲ့ အကြမ်းဖက်ရာဇဝတ်မှုတွေအထိ ကျူးလွန်လာတာကိုလည်း တွေ့ရပါတယ်။ သာဓကအနေနဲ့ PDF အကြမ်းဖက်သမားတွေဟာ KNPP အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပူးပေါင်းပြီး စက်တင်ဘာလ ၃၀ ရက်နေ့က ရန်ကုန်-နေပြည်တော်-လွိုင်ကော် ခရီးစဉ် ပြေးဆွဲနေတဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ခရီးသည် လေယာဉ်ကို လက်နက်(စိစစ်ဆဲ)နဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့လို့ လေယာဉ်ဝမ်းဗိုက်ပိုင်း ဖောက်ထွက်ပြီး ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

**ခရီးသည် လေယာဉ်ကို ဒီလိုအကြမ်းဖက်တိုက်ခိုက်မှုဟာ စစ်ရာဇဝတ်မှုမြောက်တဲ့ ရိုင်းစိုင်းယုတ်မာသော အကြမ်းဖက်မှုကျူးလွန်ခြင်း ဖြစ်ပါတယ်။ လတ်တလော ပြည်တွင်းမှာဖြစ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ NUG အဖွဲ့ရဲ့ ကြိုးကိုင်စီစဉ်မှုနဲ့ PDF အဖွဲ့တွေက အကြမ်းဖက်သောင်းကျန်းသူ KNPP၊ KIA၊ KNU အဖွဲ့တွေနဲ့ ပူးပေါင်းပြုလုပ်နေတာကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီအကြမ်းဖက်အဖွဲ့တွေရဲ့ ရက်စက်ဆိုးရွားလှတဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ နိုင်ငံတကာက သတ်မှတ်ထားတဲ့ အကြမ်းဖက်အဓိပ္ပာယ်၊ အကြမ်းဖက်တိုက်ခိုက်မှု အမျိုးအစားနဲ့ ကိုက်ညီနေတဲ့အပြင် မြန်မာနိုင်ငံက ထုတ်ပြန်ထားတဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ပြဋ္ဌာန်းချက်တွေနဲ့လည်း ငြိစွန်းနေတဲ့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်ပါတယ်။**

**NUG ရဲ့ ကြိုးကိုင်စေခိုင်းမှုကြောင့် KNPP နဲ့ PDF အကြမ်းဖက်သမားတွေရဲ့ ပစ်ခတ်မှုဟာ နစကအစိုးရထိခိုက်အောင်လုပ်တာဖြစ်ပေမယ့် လေယာဉ်ဆီတိုင်ကီကို ထိမှန်သွားပါက လေယာဉ်မီးလောင်ပျက်ကျပြီး ခရီးသည်ပြည်သူတွေ အစုလိုက် အပြုံလိုက် သေကျေပျက်စီးစေနိုင်တာဖြစ်လို့ အရပ်ဘက်ပစ်မှတ်ကိုတိုက်ခိုက်တဲ့ ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။**

ဒါကြောင့်လည်း ဒီလို အကြမ်းဖက်လုပ်ရပ်တွေကို တန်ပြန်တိုက်ဖျက်နိုင်ရေး၊ တားဆီးထိန်းချုပ်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံတွေ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ပြည်တွင်း/ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းတွေက CRPH၊ NUG နဲ့ PDF အဖွဲ့တွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် ရှုမြင်လက်ခံလာအောင် အချိန်နဲ့တစ်ပြေးညီ မီဒီယာမျိုးစုံမှ သတင်းထုတ်ပြန်တာ၊ သတင်းစာရှင်းလင်းပွဲတွေ ပြုလုပ်တာ၊ နိုင်ငံတကာ တွေ့ဆုံဆွေးနွေးပွဲတွေမှာ အလျဉ်းသင့်သလို ချပြရှင်းလင်းတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် နိုင်ငံတကာဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ရေး UNCTED၊ INTERPOL၊ ASEANPOL အပါအဝင် နိုင်ငံတကာ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးအဖွဲ့အစည်းတွေကို သက်သေအထောက်အထားတွေ ခိုင်လုံစွာနဲ့ လစဉ်ပေးပို့ အသိပေးလျက်ရှိပါတယ်။ ဒီလိုပေးပို့တိုင်ကြားမှုတွေကြောင့် အကြမ်းဖက်မှုကို အမှန်တကယ်ချုပ်ငြိမ်းစေလိုတဲ့ နိုင်ငံတွေနဲ့အဖွဲ့အစည်းတွေက ပူးပေါင်းဆောင်ရွက်လာတာကို တွေ့ရပါတယ်။




KNPP ၊ PDF အကြမ်းဖက်သမားများက ပြည်သူများစီးနင်းလိုက်ပါလာသည့် အရပ်ဘက်လေယာဉ်အား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှု။

**NUG ရဲ့ ကြိုးကိုင်စေခိုင်းမှုကြောင့် KNPP နဲ့ PDF အကြမ်းဖက်သမားတွေရဲ့ ပစ်ခတ်မှုဟာ နစကအစိုးရ ထိခိုက်အောင်လုပ်တာဖြစ်ပေမယ့် လေယာဉ်ဆီတိုင်ကီကို ထိမှန်သွားပါက လေယာဉ်မီးလောင်ပျက်ကျပြီး ခရီးသည်ပြည်သူတွေ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေနိုင်တာဖြစ်လို့ အရပ်ဘက်ပစ်မှတ်ကို တိုက်ခိုက်တဲ့ ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်**

ဥပမာ ဩစတြေးလျနိုင်ငံက မင်းမော်ကွန်းလို အကြမ်းဖက်သမားကို ဒီမိုကရေစီ သူရဲကောင်းအဖြစ် လက်ခံထားပြီး သူ့ရဲ့ ရက်စက်ယုတ်မာတဲ့ ခြိမ်းခြောက်မှုတွေနဲ့ အကြမ်းဖက်မှုတွေ ဘူးပေါ်သလို ပေါ်လာခဲ့ချိန်မှာတော့ ဩစတြေးလျအစိုးရက သူ့ရဲ့ နေထိုင်ခွင့်ကိစ္စ ပြန်လည်စိစစ်မှုတွေ ဆောင်ရွက်နေတယ်လို့သိရပါတယ်။ Facebook ကလည်း Bluemark Account ဖြုတ်ချလိုက်တာတွေက မှန်ကန်တဲ့လုပ်ရပ်တွေလို့ မြင်ပါတယ်။ သို့သော်လည်း ကမ္ဘာ့နိုင်ငံကြီး အချို့ကတော့ နိုင်ငံရေးအကြောင်းပြချက်နဲ့ ဒီမိုကရေစီအရေခြုံပြီး လာရောက်ခိုလှုံနေတဲ့ NUG အကြမ်းဖက်အဖွဲ့ကို ထိတွေ့ဆက်ဆံမှု၊ အားပေးထောက်ပံ့မှုတွေ ပြုလုပ်နေကြတာကို စိတ်မကောင်းစရာ မြင်တွေ့နေရပါတယ်။ အမှန်တကယ်တော့ မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေကိုချိုးဖောက်ပြီး အခြားနိုင်ငံတွေကို ထွက်ပြေးတိမ်းရှောင်နေသူတွေဟာ နိုင်ငံရေးလှုပ်ရှားသူတွေ မဟုတ်ကြဘဲ လတ်တလောဖြစ်ပေါ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ အကြောင်းမဲ့သတ်ဖြတ်မှုတွေကို စီစဉ်ကြိုးကိုင်၊ အားပေးလှုံ့ဆော်နေသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေဆီ ဒီမိုကရေစီအရေခြုံပြီး ရောက်ရှိခိုလှုံနေတဲ့ ဒီလိုအကြမ်းဖက်သမားတွေကို သက်ဆိုင်ရာအစိုးရတွေက ကာကွယ်မပေးဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။

**အဲဒီ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ နိုင်ငံအချို့ဟာ အကြမ်းဖက်ဝါဒကို လိုရာဆွဲ အဓိပ္ပာယ်ဖော်ဆောင်ပြီး NUG ကို ဒီမိုကရေစီအင်အားစု၊ နိုင်ငံရေးလှုပ်ရှားသူတွေအဖြစ် ပုံဖော်နေတာဟာ လက်ရှိ သူတို့ရဲ့ မြေပြင်မှာ လက်တွေ့လုပ်ဆောင်ချက်တွေနဲ့ ကိုက်ညီမှုရှိပါရဲ့လား၊ သူတို့ရဲ့ ပကတိလုပ်ဆောင်ချက်တွေ၊ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေအရ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တယ်ဆိုတာကို ဘာကြောင့် လက်မခံနိုင်ရတာလဲ ဆိုတဲ့ မေးခွန်းတွေကို ကုလသမဂ္ဂ အပါအဝင် NUG ကို ထိတွေ့ဆက်ဆံနေတဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေကို အကြမ်းဖက်မှုကို မလိုလားတဲ့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ မေးခွန်းထုတ်လိုပါတယ်။**

## NUG အဖွဲ့၏ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)

NUG အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံတကာမှာဖြစ်ခဲ့တဲ့ အကြမ်းဖက်ဖြစ်ရပ်တွေနဲ့ ချိန်ထိုး နှိုင်းယှဉ်ကြည့်လိုက်ရင် NUG အဖွဲ့ရဲ့ စီစဉ်စေခိုင်းမှုနဲ့ PDF တွေရဲ့ လုပ်ရပ်ကြောင့် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတာတွေက နိုင်ငံရေးရည်မှန်းချက်မရှိဘဲ သတ်ဖြတ်နေကြတဲ့လူသတ်မှု (Homicide) မဟုတ်ပါဘူး။ လူမျိုးရေး၊ လိင်ကွဲပြားမှုကို အခြေခံပြီး အမုန်းတရားကြောင့်ဖြစ်တဲ့ရာဇဝတ်မှု (Hate Crime)တွေ မဟုတ်ပါဘူး။ အစိုးရနဲ့ ဆန့်ကျင်ဘက်လက်နက်ကိုင်အဖွဲ့တွေအကြား ဖြစ်ပွားနေတဲ့ (State-based Armed Conflict) မဟုတ်ပါဘူး။ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အချင်းချင်း ဖြစ်နေတဲ့(Non-state Armed Conflict) မဟုတ်ပါဘူး။

မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ အကြမ်းဖက်ဝါဒက နိုင်ငံရေးနဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကို အခြေခံပြီး နိုင်ငံတစ်ခုလုံးနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်စီးသွားအောင် အစိုးရ(Government)မဟုတ်တဲ့ နိုင်ငံတော်(State)ရဲ့ ဒေါက်တိုင်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assisinations to State Servants)၊ အပြစ်မဲ့ အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း(Targeted Assisinations to Civilians or Non-combatants)၊ ဥပဒေပြင်ပ လူသတ်တရားစီရင်ခြင်း (Extrajudicial Killing)၊ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ ဗုံးခွဲတိုက်ခိုက်ခြင်း (Mass Bombing and Killing)တွေ ဖြစ်ပါတယ်။ NUG ရဲ့ လမ်းစဉ်က မြန်မာ့လူ့အဖွဲ့အစည်း ပျက်သုဉ်းသွားဖို့နဲ့ စိတ်ဓာတ်ရေးရာအရ ကစဉ့်ကလျားဖြစ်သွားဖို့ (Social and psychological disorder)ဖြစ်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေတဲ့၊ ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒ ပုံစံသစ် (New Terrorism)ဖြစ်တယ်ဆိုတာကို ရှင်းလင်းစွာ မြင်တွေ့ရမှာဖြစ်ပါတယ်။

အကြမ်းဖက်ဝါဒပုံစံသစ်ကို လုပ်ဆောင်သူတွေက ကြိုတင်မွေးမြူထားတဲ့ မီဒီယာအမည်ခံတွေနဲ့ ဆိုရှယ်မီဒီယာတွေကတစ်ဆင့် အစွန်းရောက် စိတ်ဓာတ်နဲ့ အကြောက်တရားဖြန့်ချိဖို့ ထိရောက်တဲ့ နည်းလမ်းတစ်ခုအနေနဲ့ အသုံးချနေကြပါတယ်။ **ဒီမိုကရေစီစနစ်နဲ့ ရွေးကောက်ပွဲစနစ်ရှိတဲ့ နိုင်ငံတိုင်းမှာ မဲမသမာမှု၊ ဥပဒေအလွဲသုံးစားလုပ်မှုနဲ့ အာဏာမရနိုင်တဲ့အခါ လူ့အဖွဲ့အစည်းကို အစွန်းရောက်စိတ်ဓာတ်သွင်းပေးပြီး အကြမ်းဖက်နည်းလမ်းနဲ့ အာဏာတည်ဆောက်ဖို့ကြိုးစားတဲ့ ပုံစံသစ်ပဲ ဖြစ်ပါတယ်။ ပါတီနိုင်ငံရေး အကျိုးစီးပွားနဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားတွေကို ဖော်ဆောင်ရန် ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲကို အရေခြုံပြီး အကြမ်းဖက်ဝါဒပုံစံသစ် ဖော်ဆောင်နေတာဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ လက်ရှိပထဝီဝင်နိုင်ငံရေးနဲ့ အင်အားကြီးနိုင်ငံတွေအကြား အားပြိုင်မှုတွေကလည်း ဒီအကြမ်းဖက်ဝါဒပုံစံသစ် အားကောင်းအောင် တွန်းအားပေးနေတယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ အကြမ်းဖက်သမားတွေဟာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနဲ့ မဖြေရှင်းဘဲ နိုင်ငံတကာအဖွဲ့အစည်းတွေကို ခုတုံးလုပ်၊ အပြစ်မဲ့ပြည်သူတွေကို အကြောက်တရားသွင်းဖို့ သတ်ဖြတ်ပြပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ အားလုံးကို ဖျက်ဆီးဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒီလို "အလုံးစုံပျက်သုဉ်းရေးကို အခြေခံပြီး ၎င်းတို့ရဲ့ နိုင်ငံရေးအကျိုးစီးပွားကို ဖြည့်ဆည်းဖို့ ကြိုးစားနေတဲ့ NUG ရဲ့နည်းလမ်းသာ အောင်မြင်ခဲ့မယ်ဆိုရင် အခြားသောကမ္ဘာ့နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေအတွက် ဒီလိုပုံစံတူအကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုပုံစံသစ်ကို ရင်ဆိုင်လာရဖွယ်ရှိပါတယ်။

အချုပ်ဆိုရရင်တော့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှာ NUG ရဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)ကို အတိအလင်း ထောက်ခံအားပေးနေတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းကို လက်ခံထားဆဲဖြစ်တာက ကမ္ဘာကြီးမှာ အကြမ်းဖက်ဝါဒပုံစံသစ် ပြန့်ပွားဖို့အတွက် နည်းပေးလမ်းပြဖြစ်နေတယ်ဆိုတာကို သတိချပ်ကြစေချင်ပါတယ်။ NUG အကြမ်းဖက်အဖွဲ့ရဲ့ဘက်တော်သား ဝရမ်းပြေး ကျော်မိုးထွန်းနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ဆုံးဖြတ်ချက် မပြတ်သားသေးတာက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေရုံသာမက နောင်မှာ ကုလသမဂ္ဂနဲ့ အခြားသောနိုင်ငံတကာအဖွဲ့အစည်းတွေကို ခုတုံးလုပ်အကာအကွယ်ယူပြီး ပေါ်ပေါက်လာမယ့် အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism that used IGOs/INGOs as a stepping stone) များဖြစ်လာတော့မလားလို့လည်း စိုးရိမ်မိပါတယ်။

**ယခုလက်ရှိ NUG/PDF တွေရဲ့ အကြမ်းဖက်မှုပုံစံသစ်ကို ခံစားနေရတဲ့ မြန်မာနိုင်ငံအတွင်းက ပြည်သူတွေက NUG/PDF အကြမ်းဖက်အဖွဲ့တွေကို အလွန်နာကြည်းမုန်းတီးနေကြသလို NUG/ PDF လို့ ပြောလိုက်တာနဲ့ ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်မှုတွေ ကျူးလွန်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အဖြစ်သာ ပြေးမြင်မိကြပါတယ်။ လူတစ်ဦးချင်း၊ မိသားစုတစ်ဦးချင်းအလိုက် လူမှုဘဝတွေ အေးချမ်းတည်ငြိမ်ဖို့အတွက် မြို့၊ ရွာတွေ တည်ငြိမ်အေးချမ်းဖို့ လိုအပ်တာကြောင့် လူသတ်၊ မီးရှို့နေတဲ့ အနိဋ္ဌာရုံတွေကို မလိုလားကြတော့ပါဘူး။ NUG/PDF အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကို တားဆီးနိုင်ဖို့က ကမ္ဘာ့နိုင်ငံတွေအနေနဲ့ နိုင်ငံတကာဥပဒေတွေနဲ့အညီ ပူးပေါင်းဆောင်ရွက်ကြဖို့ အထူးလိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။**

ဒါကြောင့် ဒီမိုကရေစီအရေခြုံ နိုင်ငံရေးလှုပ်ရှားသူတွေအဖြစ် ပုံဖော်နေတဲ့ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ပြီး သူတို့ရဲ့ လုပ်ရပ်တွေကို တားဆီးထိန်းချုပ်နိုင်ဖို့ ဘာကြောင့်အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ် ရလဲဆိုတဲ့ အကြောင်းရင်းကို မီးမောင်းထိုးပြလိုက်ရပါတယ်။ ။

**ကိုးကား**

**Teichman, J. (1989). How to define terrorism. Philosophy, 64(250).**
**Neumann, P. (2009). Old and new terrorism. Malden, MA: Polity Press.**
**Dawson, M., Kisku, D. R., Gupta, P., Sing, J. K., & Li, W. (Eds.). (2016). Developing Next-Generation Countermeasures for Homeland Security Threat Prevention. IGI Global.**
**https://ourworldindata.org/terrorism**

# လယ်ဝေးမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကျင်းပ



**လယ်ဝေး အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် လယ်ဝေးမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်း အောင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင် တိုက်၌ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင် ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအရှင်မြတ် အမှူးပြုသည့် ဆရာတော် သံဃာတော် ၃၄ ပါး ကြွရောက်ချီးမြှင့်တော်မူကြ သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ အဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဧည့် ပရိသတ်များ တက်ရောက်ကြပြီး လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ အား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မ အလှူတော်ငွေ များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လယ်ဝေးမြို့ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရအရှင်မြတ်ထံမှ ရေစက်ချ တရားနာယူကြသည်။

လယ်ဝေးမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစု များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက် နှင့် ဥတ္တရသီရိမြို့နယ်ရှိ ရာဇဌာနီ သာမဏေကျော်ကျောင်းတိုက်၊ ပဲခူးတိုင်း ဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်းကျောင်း တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန်တိုင်း ဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မ စေတီပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္က လာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်သုခဗိမာန် ကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ပဏ္ဍိတာ ရာမကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော် များကိုလည်းကောင်း၊ မကွေးတိုင်းဒေသ ကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိသုတာရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရေနံချောင်း ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ် ရှိ မဏ္ဍလာရာမ ပြည်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ် မြို့နယ်ရှိ သုစိတ္တာရုံ ကျောင်းတိုက်နှင့် ဒလမြို့နယ်ရှိ နန်းဦးပရိယတ္တိ စာသင် တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဒူကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံ များကိုလည်းကောင်း ဆရာတော်၊ သံဃာ တော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝမ်းတွင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ဝမ်းတွင်း အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် အရန် မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး မွမ်းမံသင်တန်း(၁/၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်း(မေခလာ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးဦးက အဖွင့်အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းသို့ တက်ရောက်ကြမည့် အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၀ အား တူညီဝတ်စုံများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ပါဝင်မှု အခြေအနေ


**နေပြည်တော် အောက်တိုဘာ ၃**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလ ဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး နှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ပါဝင်မှု(pH) တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက် လျက်ရှိပါသည်။


၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ပါဝင်မှု (pH) နှင့် မိုးရေ၏သန့်ရှင်းမှု (EC)များကို တိုင်းတာ သည့် စခန်း ၄၁ ခု၌ စခန်းအားလုံးတို့တွင် မိုးရွာသွန်းခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၄၁ ခုအနက် စခန်း ၂၈ ခုတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး ဗန်းမော်၊ တောင်ကြီး၊ ကသာ၊ ကလေးဝ၊ မှော်ဘီ၊ မကွေး၊ ကျောက်ဖြူ၊ မအူပင်၊ ထားဝယ်နှင့် ကော့သောင်းစခန်းများတွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် (5.6 – 6.4) အတွင်းတွင်ရှိပါသဖြင့် ပုံမှန်မိုးရေအဆင့်တွင် ရှိပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ် ဂုဏ်သတ္တိရှိသောကြောင့် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း သုံးသပ် ရပါသည်။(ပုံ-၂)

**မိုး/ဇလ**




ပုံ(၁)




၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|---|---|---|
| ၁ | မန္တလေး (ရုံးကြီး) | ၆.၉ | ၁၅ | မုံရွာ | ၆.၉ | ၂၉ | ပဲခူး | ၆.၆ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ | ၁၆ | ပျဉ်းမနား | ၆.၇ | ၃၀ | တောင်ငူ | ၆.၆ |
| ၃ | မြစ်ကြီးနား | ၆.၇ | ၁၇ | ကသာ | ၆.၃ | ၃၁ | ပုသိမ် | ၆.၆ |
| ၄ | ပူတာအို | ၆.၉ | ၁၈ | ပြင်ဦးလွင် | ၆.၅ | ၃၂ | မအူပင် | ၆.၄ |
| ၅ | ဗန်းမော် | ၆.၃ | ၁၉ | ကလေးဝ | ၆.၀ | ၃၃ | ဟင်္သာတ | ၆.၅ |
| ၆ | ခန္တီး | * | ၂၀ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ | ၃၄ | မော်လမြိုင် | ၆.၉ |
| ၇ | လားရှိုး | ၆.၈ | ၂၁ | မှော်ဘီ | ၆.၁ | ၃၅ | ရေး | ၆.၆ |
| ၈ | တောင်ကြီး | ၆.၄ | ၂၂ | မကွေး | ၆.၃ | ၃၆ | ဘီးလင်း | ၆.၆ |
| ၉ | မိုင်းဆတ် | ၆.၈ | ၂၃ | အောင်လံ | ၆.၇ | ၃၇ | ဘားအံ | ၆.၆ |
| ၁၀ | ကျိုင်းတုံ | ၆.၅ | ၂၄ | လှိုင်ကော် | ၆.၇ | ၃၈ | ကော့ကရိတ် | ၇.၀ |
| ၁၁ | စစ်ကိုင်း | ၆.၇ | ၂၅ | စစ်တွေ | ၆.၆ | ၃၉ | ထားဝယ် | ၆.၁ |
| ၁၂ | ဟုမ္မလင်း | * | ၂၆ | ကျောက်ဖြူ | ၆.၄ | ၄၀ | မြိတ် | ၆.၆ |
| ၁၃ | ဟားခါး | * | ၂၇ | သံတွဲ | ၆.၈ | ၄၁ | ကော့သောင်း | |
| ၁၄ | ညောင်ဦး | ၆.၈ | ၂၈ | ပြည် | ၆.၅ | | | |

# ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက်စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၃**

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှုအခြေအနေမှာ အောက်တိုဘာ ၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal တွင် MT Intan Premier သင်္ဘောသည် ဓာတ်ဆီ 92 Ron ဂါလန် ၂ ဒသမ ၀၉ သန်းနှင့် ဓာတ်ဆီ 95 Ron ဂါလန် သုည ဒသမ ၁၇ သန်းဆီချလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

တစ်ပတ်အတွင်း စက်သုံးဆီဈေးနှုန်းများအနေဖြင့် စက်တင်ဘာ ၂၉ ရက်တွင် MOPS ဈေးမြင့်တက်မှုကြောင့် အနည်းငယ်မြင့်တက်ခဲ့ပြီး နောက်ပိုင်းတဖြည်းဖြည်းကျဆင်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းရွှေဈေးကွက် ရောင်းလိုအားများနေ

**နေပြည်တော် အောက်တိုဘာ ၃**

သီတင်းကျွတ်ပွဲတော်ကာလ နီးကပ်လာသည်နှင့်အညီ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအရ အလှူအတန်းများ၊ ဘာသာရေးပွဲများအတွက် ပြင်ဆင်သည့်ကာလဖြစ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ရွှေဆိုင်များတွင် ရွှေထည်ရောင်းချမှု များပြားလျက်ရှိသည်။

အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၄ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် ၂၄ ဒေါ်လာ ပိုမိုခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၁၉၅၈၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၂၄၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ခြောက်သိန်းကျော် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေစုဆောင်းလိုမှုလျော့ကျလာပြီး ဝယ်လိုအားထက် ရောင်းလိုအားပိုမိုနေသဖြင့် ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာမှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းမှာ လိုက်ပါမြင့်တက်ခြင်းမရှိဘဲ ယခင်အပတ်ဈေးကွက်ပေါက်ဈေးနှုန်းထက် ငွေကျပ် ၁၆၀၀၀၀ ခန့် လျော့နည်းကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**YGEA**

# မြိတ်မြို့၌ ကုန်သွယ်မှုလုပ်ငန်းများကောင်းမွန်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

ထိုင်းနိုင်ငံ ရနောင်းမြို့သို့ စက်တင်ဘာလ တစ်လလုံး ရေထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၈ သန်း၊ ကြက်သွန်နီ ၁၈၂ ဒသမ ၈၀ တန် တင်ပို့နိုင်ခဲ့သည်။ ထိုင်းနိုင်ငံ၌ လက်ရှိကြက်သွန်နီ ပေါက်ဈေးမှာ တစ်ကီလို (၆၅ ကျပ်သား) ဘတ် ၃၀ မှ ၄၀ ထိ ဈေးရ၍ ကြက်သွန် အရောင်းအဝယ် ပုံမှန်သာရှိနေပြီး မြိတ်မြို့တွင် လက်လီဈေး (တစ်ပိဿာ = ၄၀၀၀ ကျပ် ခန့်) ရောင်းချရကြောင်း သိရသည်။

မြိတ်ဒေသမှထွက်ရှိသည့် ရော်ဘာများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိ တင်ပို့မှုမရှိခဲ့သော်လည်း စက်တင်ဘာ နောက်ဆုံးပတ်တွင် ရော်ဘာ ၄၀၃ ဒသမ ၂၀ တန် တင်ပို့နိုင်ခဲ့သည်။

**သတင်းစဉ်**

# မြန်မာ့လယ်ယာထွက်ကုန်များကို ဂျပန်ဈေးကွက်သို့ စံချိန်မီတင်ပို့နိုင်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချမှု တိုးမြင့်လာစေပြီး မြန်မာ့လယ်ယာထွက်ကုန်များကို အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ကာ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်တစ်လျှောက် စံချိန်စံညွှန်းဆိုင်ရာ အသိပညာပေးရန်နှင့် အလားအလာရှိသောကုန်ပစ္စည်း အမယ်များအားရွေးချယ်၍ ဂျပန်နိုင်ငံဈေးကွက်သို့ စံချိန်မီ တင်ပို့နိုင်ရေးအတွက် စီမံကိန်းရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ "Project on Standardization for potential agricultural products export to Japan" စီမံကိန်းကို ယခုနှစ်အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

**ဖော်ထုတ်ဆောင်ရွက်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဂျပန်ဈေးကွက်အတွက် အလားအလာကောင်းသည့် စိုက်ပျိုးရေးထွက်ကုန်များကို ဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းဈေးကွက်၌ ငရုတ်ခြောက်အရောင်းသွက်

**နေပြည်တော် အောက်တိုဘာ ၃**

ရမည်းသင်းခရိုင်၌ ငရုတ်ကို ငရုတ်ခြောက်အတွက် မိုးစိုက်အနေဖြင့် နှစ်စဉ်စိုက်ပျိုးကာ စိုက်ဧကခြောက်သောင်းရှိသည်။ ငရုတ်ဈေးမှာ ယခုနှစ်တွင် မိုးငရုတ်မပေါ်မီက ငရုတ်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ကျော်ရှိသဖြင့် စားသုံးသူများမှာ ဈေးနှုန်းသက်သာသည့် ငရုတ်အစိုကိုပါ စားသုံးခြင်းကြောင့် ဈေးကွက်ရှိလာသည်။ ယခုနှစ်တွင် ငရုတ်အစိုမှာ ဒေသတွင်းဈေးကွက်သာမက မြဝတီနယ်စပ်မှ အဝယ်လိုက်ခြင်းကြောင့် လက်ရှိပေါက်ဈေးမှာ ငရုတ်စို(အမှည့်) တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၅၅၀၀ ဈေးရှိပြီး ငရုတ်ခြောက်မှာလည်း တောင်သူရောင်းဈေး တစ်ပိဿာ လျှင် ငွေကျပ် ၁၆၅၀၀-၁၇၀၀၀ ဈေးရှိသည်။

ရမည်းသင်းဈေးကွက်အနေဖြင့် ငရုတ်စိုကို တရုတ်နိုင်ငံသို့တင်ပို့မှုနည်းပြီး ရန်ကုန်နှင့် မြဝတီနယ်များသို့ တင်ပို့လျက်ရှိရာ တစ်ပတ်အတွင်း ၁၂ ဘီးယာဉ် သုံးစီး မြဝတီသို့ တင်ပို့ခဲ့သည်။ ငရုတ်ခြောက်မှာ ပြည်တွင်းဈေးကွက်၌လည်း အရောင်းသွက်ကြောင်း သိရသည်။

**DOCA(မန္တလေး)**

## ၃.၁၀.၂၀၂၂ ရက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၂၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၅၂၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၃၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၆၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၂၀၀ | | ၁၃၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၅၁၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၅၀၀၀၀ |
| ၅ | လှိုင်ကော် | ၂၆၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၃၅၀၀ | ၅၀၀၀ | | ၄၃၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၄၉၀၀၀၀ |
| ၆ | ဘားအံ | ၁၇၀၀ | | ၁၅၀၀၀ | ၇၈၀၀ | ၁၇၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၈၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၇၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၅၀၀၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၃၂၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၂၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၄၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၆၀၀ | ၆၀၀ | ၆၄၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၂၀၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၆၀၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၄၆၀၀ | ၅၇၀၀ | ၅၀၀၀ | ၁၉၀၀ | ၈၀၀ | ၇၀၀၀ | ၄၉၀၀ | ၄၆၀၀ | ၃၄၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၅၀၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၆၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၁၉၅၈၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၁၉၀၀၀ | ၂၉၀၀ | ၄၇၀၀ | ၄၇၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၅၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၀၀၀ | ၁၉၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၉၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၅၁၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၆၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၇၀၀ | | ၁၀၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၃၈၀၀ | ၅၈၀၀ | ၅၂၀၀ | ၁၅၀၀ | ၈၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၇၀၀၀ | ၂၅၇၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၇၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၅၀၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၅၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၇၀၀ | ၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၂၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၃၀၀၀၀ |
| ၁၇ | မကွေး | ၂၆၀၀ | | ၁၀၈၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၄၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၅၆၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၃၀၀၀ | ၆၇၀၀ | ၂၅၀၀၀ | ၃၃၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၅၅၀၀၀၀ |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၃၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၄၅၀၀ | ၅၀၀၀ | | ၁၆၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၅၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၃၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၆၂၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၀၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၃၀၀ | | ၁၃၂၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၁၆၀၀ | ၅၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၂၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၅၀၀ | ၂၆၀၀၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၃၀၀၀ | ၉၅၀၀ | | ၄၅၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၉၀၀၀၀၀ |

မှတ်ချက်။ (၁) ညို့မထဆန် တစ်ပြည်လျှင် ပြည်တွင် ၂၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မုံရွာတွင် ၂၀၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီးနှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်နှင့် ပခုက္ကူတွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၄၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ညို့မထဆန်နှင့် ငစိန်ဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ လှိုင်ကော်တွင် ၂၅၀၀ကျပ်၊ ပခုက္ကူတွင် ၁၅၀၀ကျပ်၊ မကွေးတွင် ၂၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးနှင့် မုံရွာတွင် ၁၀၀၀ကျပ်၊ လှိုင်ကော်တွင် ၁၂၀၀ကျပ်၊ ထားဝယ်၊ ပြည်နှင့် မြိတ်တွင် ၅၀၀ကျပ်၊ ပုသိမ်နှင့် မကွေးတွင် ၄၀၀ကျပ်၊ မန္တလေးတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၇၀၀ကျပ်၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၆၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် လားရှိုးနှင့် စစ်တွေတွင် ၄၀၀ကျပ်၊ လှိုင်ကော်တွင် ၅၀၀ကျပ်၊ ထားဝယ်တွင် ၂၀၀ကျပ်၊ မြိတ်နှင့် ပုသိမ်တွင် ၁၀၀ကျပ်၊ ရန်ကုန်တွင် ၃၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနား၊ ပုသိမ်နှင့် ထားဝယ်တွင် ၃၀၀ကျပ်၊ မြိတ်တွင် ၁၀၀ကျပ်၊ (ကြူကတ်) တစ်ပိဿာလျှင် ပခုက္ကူတွင် ၇၀၀ကျပ်၊ ပြည်တွင် ၁၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် လှိုင်ကော်တွင် ၂၀၀ကျပ်၊ မြေပဲဆံ တစ်ပိဿာလျှင် မုံရွာတွင် ၄၀၀ကျပ်၊ ပခုက္ကူတွင် ၈၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ တောင်ကြီးတွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)များကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများ မရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆(အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

( ခ ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

( ဂ ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

( င ) နိုင်ငံသားစိစစ်ရေးကတ်(၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂ )ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင် ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( စ ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ)ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

( ခ ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေ ဖြည့်သွင်းရမည်။

( ဂ ) ပုံစံ ၆၆/၆(အထစ)အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ)အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( င ) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ(ပြောင်းဝင်/ပြောင်းထွက်/မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

( စ ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ပြည်သူလူထုလုံခြုံရေးအတွက် ဖုန်း SIM Card များ မှတ်ပုံတင်ခြင်းကို ပြန်လည်စစ်ဆေးမည်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့် အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ် တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ မှတ်ပုံတင် **(မူရင်း)**ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာ ဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန် လိုအပ်ပါသည်။ လက်ရှိ အသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များမှန်ကန်စွာ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ရာတွင် လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေး အော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူ အများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍၊ မမှန်ကန်ပါက မိမိတို့ အမှန်တကယ် သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ မရှိစေရေး မိုဘိုင်းပေး ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်နိုင်ရန်လိုအပ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍ စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ်ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများတိုးတက်လာသည်နှင့် အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင်မသမာသူများမှ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အားအသုံးချ၍ မသမာသည့်နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e-KYC))လုပ်ငန်းစဉ်အား နိုင်ငံတကာ စံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်(SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် စနစ် ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent) များ/ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC အား Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါ သည်။ အဆင့် ၂ (Level 2)သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေး စာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့ လက်ကျန်ငွေများအား အသုံးပြုနိုင်မည့် နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# အမေရိကန်နိုင်ငံ၌ ဟာရီကိန်းမုန်တိုင်းအီယန် ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး ၈၀ သေဆုံး



**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်နိုင်ငံ၌ ဖလော်ရီဒါပြည်နယ်နှင့် မြောက်ကာရိုလိုင်းနားပြည်နယ်တို့တွင် ဟာရီကိန်းမုန်တိုင်းအီယန် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် အနည်းဆုံးလူပေါင်း၈၀ သေဆုံးခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ ဟာရီကိန်းမုန်တိုင်းအီယန်ကြောင့် ဖလော်ရီဒါ၌ အနည်းဆုံး ၇၆ ဦးသေဆုံးခဲ့ကာ မြောက်ကာရိုလိုင်းနား၌ လေးဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဟာရီကိန်းမုန်တိုင်း အီယန်သည် စက်တင်ဘာ ၂၈ ရက်တွင် ဖလော်ရီဒါပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၁၆၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အဆိုပါ ဟာရီကိန်းမုန်တိုင်း အီယန်ကြောင့် အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံအထိ ဆုံးရှုံးမှုရှိခဲ့ပြီး အမေရိကန်နိုင်ငံ၏ သမိုင်းတစ်လျှောက် အဆိုးရွားဆုံး မုန်တိုင်းများအနက် တစ်ခုအပါအဝင် ဖြစ်ကြောင်းလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်သူ ၁၅ ဒသမ ၁၉ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်

**ဖနောင်ပင် အောက်တိုဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံ၌ လက်ရှိတွင် ပြည်သူ ၁၅ ဒသမ ၁၉ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ၎င်းအရေအတွက်သည် ကမ္ဘောဒီးယားနိုင်ငံရှိ လူဦးရေ ၁၆ သန်း၏ ၉၄ ဒသ ၉ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်။

နိုင်ငံလူဦးရေ၏ ၉၀ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ယခုနှစ် ဧပြီလမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူမရှိသေးကြောင်းလည်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် နိုင်ငံလူဦးရေ၏ ၆၃ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၂၇ ရာခိုင်နှုန်းသည် စတုတ္ထအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၅ ဒသမ ၄ ရာခိုင်နှုန်းသည် ငါးကြိမ်မြောက်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အများဆုံးအသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၂၆၀၀၀ ကျော်ရှိပြီး ၂၁ ဦးသေဆုံး

**ဗီယင်ကျန်း အောက်တိုဘာ ၃**

လာအိုနိုင်ငံ၌ ယခုနှစ် နှစ်စပိုင်းမှ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၂၆၈၆၇ ဦးရှိပြီး အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၂၁ ဦးရှိကြောင်း လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့် တစ်ရက်အတွင်း အက်တာပူပြည်နယ်၌ သွေးလွန်တုပ်ကွေးကူးစက်ခံရသူ ၄၁ ဦးရှိပြီး တစ်ဦးသေဆုံးခဲ့ကြောင်း လာအိုနိုင်ငံကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာပေးရေးစင်တာက အောက်တိုဘာ ၃ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရမှုအများဆုံးဖြစ်ပွားသည့်ဒေသမှာ မြို့တော်ဗီယင်ကျန်းဖြစ်၍ ၁၃၅၄၄ ဦး ကူးစက်ခံခဲ့ရပြီး လောင်နမ်သာပြည်နယ်၌ ၃၈၅၅ ဦးနှင့် အက်တာပူပြည်နယ်၌ ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၂၁ ဦးထဲတွင် အက်တာပူမှ ခြောက်ဦး၊ ဗီယင်ကျန်းမှ ငါးဦး၊ လောင်နမ်သာနှင့် ဆာရာဗန်တို့မှ သုံးဦးစီ သေဆုံးခဲ့ကြောင်း လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၁၁ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၁၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၅၉၇၄၉၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူပေါင်း ၃၆၁၂၆ ဦးရှိပြီး သေဆုံးသူ ၂၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၅၂၈၇၀၁ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင်ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၃၂၆၇၁ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော်အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၃ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၁၅၀ ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၃**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၁၅၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၄၈၃၁၇၆၁ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၃၂ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူ များဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြောင့်သေဆုံးသူ ၂၀ ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကြောင့်သေဆုံးသူပေါင်း ၂၈၅၀၉ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာမြို့အတွင်း ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရ၊ အမျိုးသား နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အမျိုးသားနှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ညနေပိုင်းတွင် မုံရွာမြို့အတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းတာဝန်ထမ်းဆောင်လျက်ရှိရာ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် နန္ဒဝန်ရပ်ကွက်အတွင်းသို့ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက AD Van အမျိုးအစား မော်တော်ယာဉ်ပေါ်မှ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် နန္ဒဝန်ရပ်ကွက်အတွင်းရှိ သံဃာတော်တစ်ပါးတွင် စိုးရိမ်ရဒဏ်ရာရရှိခဲ့ပြီး အမျိုးသား နှစ်ဦး သေဆုံးကာ တစ်ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိခဲ့သူများကို မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သေဆုံးမှုနှင့်ပတ်သက်၍ မုံရွာမြို့ မြို့မရဲစခန်း၌ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ သံဃာတော်အပါအဝင် အရပ်သားပြည်သူများ ထိခိုက်သေဆုံးသည်အထိ နှောင့်ယှက်ပစ်ခတ်ခဲ့သော PDF အမည်ခံအကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ ရှာဖွေစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ဒဏ်ရာရရှိမှုမှတ်တမ်းဓာတ်ပုံ။

# ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ်ဦးကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့(စိစစ်ဆဲ)က ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် အောက်တိုဘာ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ်ဦးကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့(စိစစ်ဆဲ) က ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် နံနက် ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်မှ လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဦးထွန်းအောင်လှိုင်၊ လက်ထောက်လူဝင်မှု ကြီးကြပ်ရေးမှူး ဦးနိုင်မိုးဇော်၊ စဉ့်ကူးမြို့နယ်မှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူးများဖြစ်သည့် ဦးကျော်စိုးခိုင်နှင့် ဦးခိုင်ဇော်မျိုးတို့သည် တရုတ်နိုင်ငံသို့ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသားများဖြစ်ကြသည့် Pan Han Bing (၂၅)နှစ် (ဘ)Pan Jin Lang၊ Lin Zhen Fen(၂၅)နှစ် (ဘ) Lin Jin Wen၊ Yang Jun Feng(၃၂)နှစ် (ဘ)Yang Gao Jun၊ Liu Fei Feng (၂၅)နှစ် (ဘ) Liu Jin Xlang၊ Sheng Bao(၂၄)နှစ် (ဘ)Chen Sul Chen၊ Yan Bin(၂၂)နှစ် (ဘ)Yan Yuan Fheng၊ Zhouli (၂၃)နှစ် (ဘ) Zho Welving တို့ ခုနစ်ဦးကို မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးရုံးမှ လားရှိုးမြို့ရှိ ဒုတိယပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးရုံးသို့ ပို့ဆောင်ရန် ယာဉ်မောင်း ဦးဝင်းရွှေ မောင်းနှင်သည့် "ချမ်းသာအောင်"ခရီးသည်တင်ယာဉ်လိုင်းမှ 6K/2052 Super Custom ယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ်ဦးအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့(စိစစ်ဆဲ)က ဖမ်းဆီးခေါ်ဆောင်သွားမှု အခြေပြမြေပုံ

ထိုသို့ထွက်ခွာလာစဉ် နံနက် ၁၀ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် လွယ်ခေါ်ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၄ မိုင် ၆ ဖာလုံအရောက်၌ လက်ပစ်ဗုံးကိုင်ဆောင်ထားသည့် လက်နက်ကိုင်သောင်းကျန်းသူ နှစ်ဦး(စိစစ်ဆဲ)က လားရာတူနောက်မှ ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်ရောက်ရှိလာပြီး ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်အား ရပ်တန့်ခိုင်းခဲ့ကြောင်း၊ ထပ်မံ၍ လက်နက်ကိုင်သောင်းကျန်းသူ တစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာကာ ၎င်းတို့အား မော်တော်ယာဉ်နှင့်အတူ တောအတွင်းသို့ မောင်းနှင်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး တောလမ်းတစ်နေရာအရောက်တွင် ဦးထွန်းအောင်လှိုင်၊ ဦးနိုင်မိုးဇော်၊ ဦးကျော်စိုးခိုင်နှင့် ဦးခိုင်ဇော်မျိုးတို့ လေးဦးကို ပြန်လည်စေလွှတ်ပေးခဲ့သဖြင့် ဦးခိုင်ဇော်မျိုးနှင့် ဦးနိုင်မိုးဇော်တို့ နှစ်ဦးမှာ နောင်ချိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်းကောင်း၊ ဦးထွန်းအောင်လှိုင်နှင့် ဦးကျော်စိုးခိုင်တို့ နှစ်ဦးမှာ ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်းကောင်း ကားကြုံဖြင့် အသီးသီးပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် ဖမ်းဆီးခေါ်ဆောင်ခံရသူ တရုတ်နိုင်ငံသားများအား ရှာဖွေကယ်ဆယ်နိုင်ရေး နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ သုည ဒသမ ၈၂၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ကြာဆံအပြာထုပ် ၃၆ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေး စခန်း၌ သိမ်းဆည်းရမိမှု။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဓာတုကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်တစ်စီးနှင့် Scania အမျိုးအစား Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ် နှင့်သစ်မာ ၂၇ ဒသမ ၂၆၂၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၉၉၅၂၇၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၄၄၇၇၇၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တောင်ဥက္ကလာပနှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀) ရပ်ကွက် ပင်လုံလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၌ မြင့်သူမောင်းနှင်ပြီး ဟိန်းကိုလွင်နှင့် ထက်မိုးဦးတို့လိုက်ပါလာသည့် အငှားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊

ထို့အတူ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက် မင်္ဂလာလမ်း တိုက်အမှတ်(၁၉၅) (၅) လွှာရှိ မကျင်ကျင်အောင်၏တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၀၀၊ ဆေးခြောက်ဘလောက်တုံး ၁ ဒသမ ၃ ကီလိုကိုလည်းကောင်း၊

အလားတူ အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအနီး ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းတွင် လော်ရှာ အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# PDF အမည်ခံ အကြမ်းဖက်သမားများက မောင်တောခရိုင်ပညာရေးမှူးအား အကြောင်းမဲ့သတ်ဖြတ်

**နေပြည်တော် အောက်တိုဘာ ၃**

NUG၊PDFအမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက် ညနေ ၆ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သူကြီးရပ်ကွက် ဘူးသီးတောင်-မောင်တောကားလမ်းဘေးရှိ မောင်တောခရိုင် ပညာရေးမှူးရုံးဝင်းအတွင်းရှိ နှစ်ထပ်ဆောင်၌ မောင်တောခရိုင် ပညာရေးမှူး ဒေါ်မြင့်မြင့်စန်း(၆၀)နှစ် (ဘ) ဦးမြဘူးအား အကြမ်းဖက်သူ အမျိုးသားသုံးဦးက ဓားဖြင့် အကြောင်းမဲ့ ဝိုင်းဝန်းထိုးနှက် သတ်ဖြတ်ခဲ့သဖြင့် ဒေါ်မြင့်မြင့်စန်းတွင် ဓားဒဏ်ရာများရရှိခဲ့ကာ မောင်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ကြောင်း သိရသည်။

**သတင်းစဉ်**

# TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည့်တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် လူငယ်၊ လူရွယ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ ပို့ဆောင်၍ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်စေကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများ မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့/ညမပျက် စုံစမ်းထောက်လှမ်းဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် ကျောက်မဲမြို့နယ် Oriental တိုးဂိတ်၌ မန္တလေးမြို့မှ ကျောက်မဲမြို့ဘက်သို့ ထွက်ခွာလာသည့် "ရွှေလိပ်ပြာ"ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်မောင်း **လှိုင်မင်းထွန်း** မောင်းနှင်သည့် ယာဉ်အမှတ်- CC-8581၊ Wingroad အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည့် တရားခံများဖြစ်သော **ညီညီထွန်း၊ သန့်ဇင်ထွန်း၊ ဟိန်းမင်းဦး၊ ထက်ပိုင်လင်း၊ မျိုးမြင့်မြတ်၊ ကျော်ဇင်ထက်၊ စိုင်းထက်အောင်၊ အောင်ဇော်ဟိန်း၊ ဝေယံဦးနှင့် စနေထွန်း**တို့ ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်မည့်သူများအား ချိတ်ဆက်ပို့ဆောင်ပေးမည့် တရားခံ **ကေလာ**ကို ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက်ရှိ ကားဝင်း၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် စုစုပေါင်းတရားခံ **ကျား ၁၂ ဦး** ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **ညီညီထွန်း၊ သန့်ဇင်ထွန်း၊ ဟိန်းမင်းဦး၊ ထက်ပိုင်လင်း၊ မျိုးမြင့်မြတ်၊ ကျော်ဇင်ထက်၊ စိုင်းထက်အောင်၊ အောင်ဇော်ဟိန်း၊ ဝေယံဦးနှင့် စနေထွန်း**တို့ ၁၀ ဦးသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးရန်ကျန် တရားခံ **သန်းဝင်းအောင်(ခ)ပေါကြီး** ခေါင်းဆောင်သည့် ဘုတလင်မြို့နယ် ပိုးကုန်းကျေးရွာရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပိုးကုန်းကျေးရွာ၏ အနောက်ဘက်တောအတွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း ၁၀ ရက်ခန့် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် **ညီညီထွန်း**ပါ ၁၀ ဦးတို့သည် ဖမ်းဆီးရန်ကျန်တရားခံ **သန်းဝင်းအောင်(ခ)ပေါကြီး**၏ ချိတ်ဆက်ပို့ဆောင်ပေးမှုဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် ဘုတလင်မြို့မှ မန္တလေးမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် လာရောက်ခဲ့ပြီး မန္တလေးမြို့သို့ ရောက်ရှိစဉ် ဖမ်းဆီးရန်ကျန် တရားခံ **သန်းဝင်းအောင်(ခ)ပေါကြီး**က ကြိုတင်ချိတ်ဆက်ထားသည့် "ရွှေလိပ်ပြာ"ယာဉ်လိုင်းမှ ယာဉ်မောင်း **လှိုင်မင်းထွန်း** လာရောက်ခေါ်ဆောင်သည့် မော်တော်ယာဉ်ဖြင့် ကျောက်မဲမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **လှိုင်မင်းထွန်း**သည် **ညီညီထွန်း**ပါ ၁၀ ဦးတို့ကို မန္တလေးမြို့မှ ကျောက်မဲမြို့သို့ ပို့ဆောင်ပေးရန် **သန်းဝင်းအောင်(ခ)ပေါကြီး**ထံမှ ငွေကျပ် သုံးသိန်း လက်ခံရရှိခဲ့ကြောင်း၊ ထို့အပြင် ကျောက်မဲမြို့သို့ရောက်ရှိပါက **ကေလာ**မှတစ်ဆင့် ကျောက်မဲမြို့နယ် တော့ဆန်ကျေးရွာသို့ ဆက်လက်ပို့ဆောင်၍ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည့်သူများနှင့် ကူညီဆောင်ရွက်ပေးသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



လှိုင်မင်းထွန်း



ညီညီထွန်း



သန့်ဇင်ထွန်း



ဟိန်းမင်းဦး



ထက်ပိုင်လင်း



မျိုးမြင့်မြတ်



ကျော်ဇင်ထက်



စိုင်းထက်အောင်



အောင်ဇော်ဟိန်း



ဝေယံဦး



စနေထွန်း

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ကျောက်မဲမြို့နယ် **Oriental** တိုးဂိတ်၌ ဖမ်းဆီးရမိသည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်မည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ကျောက်မဲမြို့နယ် **Oriental** တိုးဂိတ်၌ သိမ်းဆည်းရမိသည့် အကြမ်းဖက်သင်တန်းတက်ရောက်မည့် တရားခံများ စီးနင်းလာသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။




ကေလာ

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ကျောက်မဲမြို့နယ် ရပ်ကွက်(၈)ကားဝင်း၌ ဖမ်းဆီးရမိသည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်သူများအား ချိတ်ဆက်ပို့ဆောင်ပေးမည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ။

# KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များ၊ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်ပါများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်၍ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၃**

အမျိုးသားလေကြောင်းလိုင်း(MNA)မှ လေယာဉ်အမှတ် XY-AML၊ လေယာဉ်အမျိုးအစား ATR-72 (600) သည် ခရီးသည် ၆၃ ဦး တင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန် လေယာဉ်ဆင်းသက်ခြင်းလုပ်ငန်းစဉ်များအတိုင်း လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းစဉ် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူမဆန်စွာ ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် လက်နက်(စီစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ဖောက်ဝင် ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တည်ဆဲဥပဒေများအပေါ် မျက်ဝါးထင်ထင်ချိုးဖောက်ကျူးလွန်ခဲ့သော်လည်း ၎င်းတို့၏ကျူးလွန်မှုများကို ဖုံးဖိနိုင်ရေး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကြေညာချက်များထုတ်ပြန်၍ လိမ်လည်ဖုံးကွယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ယင်းသို့ လိမ်လည်ဖုံးကွယ်လျက်ရှိသော်လည်း KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်းများက ပြည်တွင်းလေကြောင်းလိုင်း ပြေးဆွဲမှုများအပေါ် တိုက်ရိုက်ခြိမ်းခြောက်သည့် ထုတ်ပြန်ချက်များကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ထားကြောင်းကိုလည်း အထောက်အထားများအရ တွေ့ရှိရသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉ တွင် မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်တွင် လေယာဉ်ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်ရှိသူ တစ်ဦးဦးကို အတင်းအဓမ္မပြုလုပ်မှု၊ လေယာဉ်ကို ပျက်စီးစေရန်သော်လည်းကောင်း၊ လေယာဉ်ကို ပျံသန်းခြင်း မပြုနိုင်စေရန်သော်လည်းကောင်း၊ လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း၊ ဝန်ဆောင်မှုပေးနေသည့် လေယာဉ်ကိုပျက်စီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေယာဉ်ပျက်စီးစေနိုင်သည့် ပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို လေယာဉ်ပေါ်၌ ချထားမှု သို့မဟုတ် ထားရှိစေမှု၊ လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန် လေကြောင်းလမ်းညွှန်ဆိုင်ရာ အဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကို ပျက်စီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေကြောင်းလမ်းညွှန်ဆောင်ရွက်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊ လေယာဉ်ပျံသန်းမှုအား ဘေးအန္တရာယ်ဖြစ်စေရန် မမှန်ကန်သော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်ပေးပို့မှုတို့ကို ကျူးလွန်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုမြောက်ကြောင်း ဖော်ပြပါရှိသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉ အရ အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၉ ပါ မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်ပြုလုပ်မိပါက အနည်းဆုံးထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိဖြစ်စေ၊ သေဒဏ်အထိဖြစ်စေ ချမှတ်နိုင်ကြောင်း ဖော်ပြပါရှိသည်။ ပုဒ်မ ၄၉ တွင် အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာ၌ သူတစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ သေစေလျှင် သို့မဟုတ် အပြင်းအထန်နာကျင်စေလျှင် ကျူးလွန်သူကို အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိဖြစ်စေ၊ သေဒဏ်အထိဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြပါရှိသည်။ ထို့အပြင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ရာဇသတ်ကြီးဥပဒေတွင်လည်း လူကိုသေစေခြင်း သို့မဟုတ် နာကျင်စေခြင်း၊ ပစ္စည်းကိုထိခိုက်နစ်နာစေခြင်း၊ ပျက်စီးစေခြင်း၊ ပျက်စီးခြင်းတို့အား ပြုလုပ်ပါက ကျူးလွန်မှုအပေါ်မူတည်၍ ထိရောက်ပြင်းထန်သော ပြစ်ဒဏ်သတ်မှတ်ချက်များ ပြဋ္ဌာန်းပါရှိသည်။

ထို့ကြောင့် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် လေယာဉ်ဝန်ဆောင်မှုပေးနေချိန်တွင် ၎င်းတို့၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်၏မျက်နှာအား ထိမှန်ဒဏ်ရာရရှိစေခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၉ နှင့် ပုဒ်မ ၄၉ ကို ကျူးလွန်ခြင်းသာမက ပုဒ်မ ၅၄ ကိုလည်း ကျူးလွန်ရာရောက်ကြောင်း တွေ့ရှိရသည်။

ထို့ပြင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ် မသက်ဆိုင်သည့် အရပ်ဘက်ပစ်မှတ်များနှင့် အရပ်သားပြည်သူများအား ထိုကဲ့သို့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုင်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရလည်း စစ်ရာဇဝတ်မှု(War Crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

ဂျီနီဗာကွန်ဗန်းရှင်း (၄) ရပ် (Four Geneva Convention) ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law Of Aumed Conflict) သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law) တွင် မည်သည့်လက်နက်ကိုင်ပဋိပက္ခမျိုး (နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခ/ နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ) တွင် အရပ်သားများနှင့် အရပ်ဘက်ပစ္စည်းများကို စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခြင်းမပြုရန် ပြဋ္ဌာန်းထားရှိသည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေစည်းမျဉ်းများတွင်လည်း (နိုင်ငံတကာပဋိပက္ခ/ နိုင်ငံတကာမဟုတ်သော ပဋိပက္ခ) အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအကြား ခွဲခြားခြင်းနှင့်ပတ်သက်၍ စည်းမျဉ်း ၁ အဖြစ် ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့များသည် အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအကြား အမြဲတစေခွဲခြားရမည်။ တိုက်ပွဲဝင်စစ်သည်များကိုသာ ဦးတည်တိုက်ခိုက်ရမည်။ အရပ်သားများကို ဦးတည်တိုက်ခိုက်ခြင်းမပြုရဟူ၍လည်းကောင်း၊ စည်းမျဉ်း ၂ တွင် အရပ်သားလူထုအကြား အထိတ်တလန့်ဖြစ်စေရန် အဓိကရည်ရွယ်လုပ်ဆောင်သည့် အကြမ်းဖက်လုပ်ရပ်များနှင့် ခြိမ်းခြောက်မှုများအား တားမြစ်ကြောင်းဟူ၍လည်းကောင်း ဖော်ပြပါရှိသည်။ အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များအကြား ခွဲခြားခြင်းနှင့်ပတ်သက်၍ စည်းမျဉ်း ၇ အဖြစ် ပဋိပက္ခတွင်ပါဝင်သော အဖွဲ့များသည် အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များအကြား အမြဲတစေခွဲခြားရမည်၊ စစ်ရေးဆိုင်ရာ ရည်မှန်းချက်ကိုသာလျှင် ဦးတည်တိုက်ခိုက်ရမည်၊ အရပ်ဘက်အဆောက်အအုံများကို ဦးတည်တိုက်ခိုက်ခြင်းမပြုရဟု ဖော်ပြထားပြီး စည်းမျဉ်း ၁၁ တွင်လည်း တိကျသော စစ်ရေးဆိုင်ရာ ရည်မှန်းချက်ကို ဦးတည်တိုက်ခိုက်ခြင်းမရှိ ခွဲခြားခြင်းမရှိဘဲ သိမ်းကျုံးတိုက်ခိုက်ခြင်း (Indiscriminate attacks)အား တားမြစ်ထားကြောင်း ဖော်ပြပါရှိသည်။

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ အရပ်ဘက်ဆိုင်ရာ လေယာဉ်၊ ပစ္စည်းများနှင့် အရပ်သားများကို ထိခိုက်အောင် တိုက်ခိုက်ခြင်းသည် အထက်ပါ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဂျီနီဗာကွန်ဗန်းရှင်း (၄) ရပ်ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law Of Armed Conflict) သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (International Humanitarian Law) အရလည်းကောင်း ကြီးလေးသော ပြစ်မှုများကို ချိုးဖောက်ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျူးလွန်ခဲ့သူများကို နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

Karenni Nationalities Defence Force

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

**လေကြောင်းဖြင့် ခရီးသွားလာခြင်းမပြုရန် အသိပေးခြင်း**

နေ့စွဲ။ ။၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၃) ရက်နေ့။

အကြမ်းဖက်စစ်ကောင်စီမှ နိုင်ငံတော် အချုပ်အခြာ အာဏာကို လက်နက်အားကိုး အကြမ်းဖက်သိမ်းယူလိုက်သည့် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ နိုင်ငံဘဏ္ဍာငွေနှင့် ဘဏ္ဍာငွေ ဝင်သည့် အရင်းအမြစ်များဖြစ်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အားလုံးကို အကြမ်းဖက်စစ်အုပ်စုမှ ထိန်းချုပ်လိုက်ပြီးဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် ထိုစီးပွားရေး လုပ်ငန်းများမှရရှိသော ဘဏ္ဍာ ငွေများကို အသုံးပြု၍ စစ်ဇာျရိကရက်ယန္တရားကို လည်ပတ်စေပြီး ပြည်သူလူထုကိုဖိနှိပ်ခြင်းနှင့် တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ဖြိုခွင်းခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာ့အမျိုးသားလေကြောင်းလိုင်းသည် နိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်ရာ အဆိုပါ လေကြောင်းလိုင်း မှ အကြမ်းဖက်စစ်အုပ်စုများသည် ဝင်ငွေများရရှိလျက်ရှိပါသည်။ ထို့အပြင် မြန်မာ့ အမျိုးသားလေကြောင်းလိုင်းသည် လွိုင်ကော်မြို့သို့ ပျံသန်းလျက်ရှိပြီး ထိုခရီးစဉ်များတွင် ကရင်နီပြည်မှ ပြည်သူများ စီးနင်းလိုက်ပါလျက်ရှိပါသည်။ ထို့အပြင် စစ်ရေးဘက်တွင်လည်း အကြမ်းဖက် စစ်ကောင်စီသည် ကရင်နီပြည်အတွင်းသို့ တပ်အင်အားများ၊ လက်နက်ရိက္ခာများကို ခရီးသည်တင် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်လျက်ရှိသည်။

ထို့ကြောင့် မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ အကြမ်းဖက်စစ်ကောင်စီ ဝင်ငွေရသည့် အပြင် စစ်ရေးအရ အသုံးပြုသည့် လေကြောင်းလိုင်းဖြစ်သည့်အလျှောက် ပြည်သူများလိုက်ပါစီးနင်းခြင်းမပြုရန် အသိပေးတိုက်တွန်းအပ်ပါသည်။ ထို့အပြင် လွိုင်ကော်လေဆိပ်တွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ စစ်လေယာဉ်များဆင်းသက်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် လုံခြုံရေးအသိဖြင့် လေကြောင်းဖြင့် ခရီးမထွက်ရန် အထူးတိုက်တွန်းအပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၈၀ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၃၀ | ၂၇၅၅ |
| 95 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၀ | ၂၈၄၅ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၀ | ၃၄၃၅ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၅၉၅ | ၂၅၉၅ | ၂၈၁၅ | ၃၄၇၀ |
| HSD (10 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၅၉၅ | ၂၅၉၅ | ၂၈၁၅ | ၃၄၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၃၂ | ၁၉၀၂ |
| 95 Ron | ၁၈၉၇ | ၁၉၆၈ |
| HSD (500 ppm) | ၂၃၂၇ | ၂၄၀၃ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၆ |
| HSD (10 ppm) | ၂၃၉၈ | ၂၄၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားလူငယ်များအတွက် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြား

**စစ်တွေ အောက်တိုဘာ ၃**

မျက်မှောက်ကာလတွင် IT နည်းပညာသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လူမှုဘဝ မြှင့်တင်ရေး၊ နိုင်ငံတော်ကာကွယ်ရေး စသည့်အနာဂတ်စီမံကိန်းများ အပါအဝင် ကိစ္စရပ်တိုင်းတွင် လျင်မြန်လွယ်ကူစေရန်အတွက် မရှိမဖြစ်အရေးပါသည့် ပညာရပ်ဖြစ်လာကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားလူငယ်တိုင်း အခြေခံကွန်ပျူတာပညာရပ်ကို သင်ယူတတ်မြောက်ထားကြရန် လိုအပ်ကြောင်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ပြောကြားသည်။





ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားလူငယ်များ ကွန်ပျူတာ သင်ကြားနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၈၃၅၀၀၀၀ ကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးက မှတ်စုစာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းကို တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်မှ တိုင်းရင်းသားတိုင်းရင်းသူ ၄၀ တက်ရောက်ကြမည်ဖြစ်ကာ စာတွေ့လက်တွေ့ တစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)၌ ကျင်းပသည့် အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ ဒေသနှင့်ကိုက်ညီသော သက်မွေးပညာ အကြိုသင်တန်းများ၊ သက်မွေးပညာ သင်တန်းများကို ထပ်မံဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းငယ်များထူထောင်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်မြင်လာစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ယခုကဲ့သို့ လူမှုစီးပွားဘဝ အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများ၏ ကွန်ပျူတာ သင်ကြားနေမှု အခြေအနေကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ သင်တန်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)တို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြကာ အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)မှ ဆရာ ဆရာမများက အောက်တိုဘာ ၃ ရက်မှ ၃၁ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံးအသင်း (မန္တလေးတိုင်းဒေသကြီး)ဖွဲ့စည်း

**မန္တလေး အောက်တိုဘာ ၃**

မြန်မာ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံး (မန္တလေးတိုင်းဒေသကြီး)ဖွဲ့စည်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Sanny Palace ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် MIAC (ရန်ကုန်)ဥက္ကဋ္ဌက အသင်းကြီးဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အသင်းကြီးကို စတင်တည်ထောင်သူ အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အနုညာတခုံရုံးများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ၌ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဝင်းထံ အသင်းတရားဝင် တည်ထောင်ခွင့်လက်မှတ်(လိုင်စင်)၊ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် အလုပ်အမှုဆောင်ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ MIAC(ဗဟို) နှင့်မန္တလေးတို့မှ အလုပ်အမှုဆောင်များ၊ အငြိမ်းစားတရားရေး အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **တင်ဝင်းတင်**

## ရွှေတောင်စု(ခေတ်မီစံပြ)ကျေးရွာ၌ အရန်မီးသတ်လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်

**အင်္ဂပူ အောက်တိုဘာ ၃**

ဧရာဝတီ တိုင်းဒေသကြီး အင်္ဂပူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အရန်မီးသတ်လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို အင်္ဂပူမြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ရွှေတောင်စု(ခေတ်မီစံပြ) ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများနှင့် မီးသတ်ဝတ်စုံများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။



သင်တန်းကို သင်တန်းသား ၅၀ ဖြင့် အောက်တိုဘာ ၃ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် အခြေခံလက်နက်မဲ့ စစ်ရေးပြ ဘာသာရပ်၊ မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာ ဘာသာရပ်၊ ရှေးဦးသူနာပြုစုခြင်း ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

ကမ္ဘာ့ဆရာများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မျိုးဆက်သစ်လူငယ်များ ပညာအလင်းရောင်ပေးသည့် မြတ်ဆရာ

**အောင်ထက်လင်း (ကြိမ်ချောင်း)**

ပညာရေးဟူသည် လူ့ဘဝတွင် လက်တွေ့ရင်ဆိုင်လာရသည့် အခက်အခဲများကို အောင်မြင်စွာရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သည့် စိတ်ဓာတ်ခွန်အားနှင့် ရုပ်လက္ခဏာများကို တည်ဆောက်ပေးခြင်းပင်ဖြစ်ရာ ဆရာ ဆရာမများသည်လည်း နုနယ်သည့် ကျောင်းသားကျောင်းသူများအား ငယ်စဉ်ကပင် ပုံသွင်းထုလုပ်ကြရသည့် ဗိသုကာများဖြစ်သည်။ ဆရာ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာ စိတ်ဓာတ်အပြည့်ဖြင့် သင်ကြားပေးနေကြသူများဖြစ်၍ ၎င်းတို့၏ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အဆင့်အတန်းနှင့် ကျေးဇူးတို့ကို အားလုံးက အသိအမှတ်ပြုရမည်ဖြစ်သည်။




"ဆရာ"ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်တွင် ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ၊ ယဉ်ကျေးသမှုဖြင့်ခေါ်သော စကားလုံးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ "ဆာယာ"ဟူသော ပါဠိသက်ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး ဆာယာသည် "အေးရိပ်" ဖြစ်သည်။ တပည့်များနားခိုရန် အေးမြသောအရိပ်ကို ပေးစွမ်းနိုင်သဖြင့် ဆရာဟုခေါ်သည်။ ပါဠိဘာသာဖြင့် "အာစရိ"ဟု သုံးနှုန်းကြပြီး မြန်မာဘာသာစကားရှိ "ဆရာ"ဆိုသောပုဒ်သည် သက္ကတဘာသာ၏ "အာစာရယ"မှ ဆင်းသက်လာသည်ဟု ပညာရှင်တို့က ဖော်ပြကြောင်း မှတ်သားရဖူးသည်။ ဆရာဟုဆိုရာတွင် အခြေခံပညာသင်ပေးသည့် ဆရာများ၊ အဆင့်မြင့်ပညာသင်ပေးသည့် ဆရာများသာမက အသက်မွေးဝမ်းကျောင်းပညာသင်ပေးသည့် ဆရာများအားလုံးအကျုံးဝင်ပေသည်။

**မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်**

မြတ်ဆရာတို့၏ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အဆင့်အတန်းနှင့်ကျေးဇူးတို့ကို ပိုမိုမြင့်မားနေရန်နှင့် ရေသောက်မြစ်ပမာဖြစ်သော ဆရာများ၏ အရေးပါမှုကို အလေးဂရုပြုသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO) က ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့ကို "ကမ္ဘာ့ဆရာများနေ့" အဖြစ် သတ်မှတ်ခဲ့သည်။ ထိုရက်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်တို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပကာ ထူးချွန် ဆရာ ဆရာမများအား ဂုဏ်ပြုလေ့ရှိသည်။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်ရာ ခေတ်ရေစီးကြောင်း ပြောင်းလဲလာမှုနှင့်အတူ ဆရာနှင့် တပည့်ဆက်ဆံရေး၊ ဆရာနှင့်မိဘဆက်ဆံရေးများလည်း လိုက်ပါပြောင်းလဲလာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ပညာရေးတွင် ဆရာများသည်သာ အခရာဟူသည့် အယူအဆမှ ပညာရေးဟူသည် လူတိုင်းနားလည်ရန်လိုအပ်သည့် ကိစ္စအဖြစ်လည်းကောင်း၊ ဆရာဗဟိုပြု သင်ကြားရေးမှ ကျောင်းသားဗဟိုပြု သင်ကြားရေးအဖြစ်လည်းကောင်း ဆရာများသည် သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးရန်သာဖြစ်ကြောင်းနှင့် ကျောင်းများတွင် အသုံးပြုနေသော ကျောင်းစည်းကမ်းများသည် ကျောင်းသား ကျောင်းသူများ၏ ဂုဏ်သိက္ခာနှင့် ကိုက်ညီရန် လိုအပ်သည့် အယူအဆများကို လက်ခံလာကြသည်။ တပည့်များ၏ အရည်အသွေးသည် ဆရာများအပေါ် များစွာတည်မှီလျက်ရှိရာ ဆရာများ၏အရည်အသွေးမြင့်မားရေးသည် အနာဂတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးမှုအတွက် အဓိကကျသည့်ကိစ္စရပ်ဖြစ်သည်။ အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ရာတွင် အခြေခံပညာရေးမှာ လွန်စွာအရေးကြီးသည်။ မြင့်မားသည့်အဆောက်အအုံများ တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ကို အထူးကောင်းမွန်စွာ တည်ဆောက်ကြရသကဲ့သို့ပင် အခြေခံပညာကို အရည်အသွေးပြည့်ပြည့်ဝဝနှင့် ကျေညက်စွာ သင်ယူနိုင်ခွင့်ရရှိရန် လိုအပ်သည်။

**မဏ္ဍိုင်လေးရပ် တည်ဆောက်ရေး**

ဘဝသစ်ထူထောင်ရေးအတွက် စာရိတ္တမဏ္ဍိုင် တည်ဆောက်ရာတွင် မိဘနှင့်မူလတန်းကျောင်း ဆရာ ဆရာမများသည် အရေးပါဆုံးသော ဗိသုကာကြီးများဖြစ်ကြသည်မှာ ထင်ရှားလှသည်ဟုဆိုကာ အခြေခံပညာမူလတန်း၏ အရေးကြီးပုံကို ရေးသားရာတွင် "အမှန်စင်စစ်မှာ စာရိတ္တမဏ္ဍိုင်သာမက အခြားမဏ္ဍိုင်လေးရပ် တည်ဆောက်ရေးအတွက်လည်း စာသင်ကျောင်းများသည် အရေးပါဆုံးသော ဌာနကြီးများဖြစ်ကြသည်"ဟု ရေးသားကြသည်။ အခြေခံပညာရေးသည်ကျောင်းသားကျောင်းသူတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂတည်းဟူသော ဗလငါးတန် မဏ္ဍိုင်ငါးရပ်တို့ကို အခြေတကျ စတင်ပြုစုပျိုးထောင်ရာဌာနကြီးများအဖြစ် ထင်ရှားစေခဲ့ခြင်းပင်ဖြစ်သည်။ နောင်တစ်ခေတ်တွင် ခေါင်းဆောင်ဖြစ်လာမည့်၊ နိုင်ငံတော်ကို တည်ဆောက်ကြမည့် မျိုးဆက်သစ်ကလေးများကို ပြုစုပျိုးထောင်ပေးကြရသည့် အခြေခံပညာ ဆရာ ဆရာမတို့မှာ အရေးပါဆုံးသော ပုဂ္ဂိုလ်များပင်ဖြစ်သည်။

ပညာရေးတွင် အမြဲတမ်းရင်းနှီးမြှုပ်နှံ၊ ပညာရေးတွင် အမြဲတမ်းအဆင့်မြှင့်တင်၊ ပညာရေးတွင် စဉ်ဆက်မပြတ်သင်ကြားရေးကို ပြုလုပ်နေကြသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံသည် ကမ္ဘာ့ပညာရည်အမြင့်ဆုံးနိုင်ငံများတွင် ထိပ်ပိုင်းမှ ပါဝင်သောကြောင့် နိုင်ငံသေးငယ်သော်လည်း ဖွံ့ဖြိုးမှုမြင့်မားသောနိုင်ငံဖြစ်နေသည်။ ပညာရေးကို အဓိကဦးစားပေး ရင်းနှီးမြှုပ်နှံခဲ့သောကြောင့် စင်ကာပူနိုင်ငံ၏ ခေါင်းဆောင် လီကွမ်ယုက ပညာရေးဆိုသည်မှာ လုပ်ရိုးလုပ်စဉ်ကျောင်းတက်ပညာသင်ခြင်းထက် များစွာ ပိုမိုနက်နဲကျယ်ဝန်းသည်။ စူးစမ်းလေ့လာမှု ပြင်းပြကာ အမြဲမပြတ် သင်ယူလေ့လာနေသူများကိုသာ ပညာတတ်ဟုယူဆကြောင်း ပြောကြားသည်ဟုသိရသည်။

**နာယကဂုဏ်ခြောက်ပါး**

ဘုရားလောင်းမျောက်မင်း ဇာတ်တော်သည် "ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဉာဏ်ခြောက်ခု"ဟူသည့် နာယကဂုဏ်ခြောက်ပါးကို သာဓကဆောင်ထားခြင်းဟု ဆိုနိုင်သည်။ နာယက (အကြီးအမှူးပြုလုပ်သူ)တို့ လိုက်နာရမည့် ဂုဏ်ခြောက်ပါးမှာ (၁) ခမာ - သည်းခံခြင်း ခေါ် ခန္တီတရားများထားရှိရခြင်း၊ (၂) ဇာဂရိယ - အစစအရာရာ၌ သတိထက်ကြပ်ပါခြင်း၊ နိုးကြားခြင်း၊ (၃) ဥဋ္ဌာန - ငယ်သားတို့ထက် ဆထက်များစွာ လွန်သာသော လုံ့လရှိခြင်း၊ (၄) သံဝိဘာဂ - လျောက်ပတ်လျော်ကန်တော်တန်သလို ခွဲစိတ်ချီးမြှောက် ထောက်ပံ့ရခြင်း၊ (၅) ဒယာ - သူတစ်ပါးအား ကိုယ်နှင့်မခြား သနားကြင်နာရခြင်း၊ (၆) ဣက္ခနာ - အလုံးစုံသော အခွင့်အရေးကို တွေးတောမြော်မြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံရခြင်း၊ စုံစမ်းခြင်းတို့ဖြစ်ကြသည်။

မြန်မာနိုင်ငံအတွင်း မြို့ပြဒေသရော ကျေးလက်ဒေသပါမကျန် ပညာဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်း၊ စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြရာတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"ဟူသော ဆောင်ပုဒ်ကို ခံယူချက်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ပညာရည်ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများဖြစ်စေရန် ဆရာ ဆရာမများသင်ကြားလေ့ကျင့်ပုံသွင်းလောင်းရာတွင် အသိစိတ်ဓာတ်ဖြင့် စည်းကမ်းကောင်းမွန်ကြသည့် လူမွန်များအဖြစ်သို့လည်း လေ့ကျင့်သွန်သင်လမ်းပြပေးရန် လိုအပ်ပြီး "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် မြတ်ဆရာများ၏ တာဝန်သာဖြစ်သည်။

ဆရာ ဆရာမများအနေဖြင့် ကလေးများ လူချွန်လူကောင်းဖြစ်ရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေရပြီဖြစ်ရာ ဆရာ ဆရာမတိုင်းသည် သင်ကြားရေးရော အုပ်ချုပ်ရေးပါ ပူးတွဲတာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည်။ ထို့ကြောင့် ဆရာများသည် မိဘများနှင့် ကင်းကွာ၍မရပေ။ ကျောင်းနှင့်ရပ်ရွာဟူသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ၊ ဆိုသကဲ့သို့ အပြန်အလှန် အကျိုးပြုနေကြရသည်။ ကျောင်းတွင်းမိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များဖွဲ့စည်း၍ လူထုအတွက် ပညာရေးလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ကြရသည်။

မြန်မာ့ပညာရေးတွင် ဘုန်းတော်ကြီးကျောင်းပညာရေးသည် လက်ဦးအစ အဓိကအရေးပါခဲ့သည်။ "မြန်မာ့အမျိုးသား ပညာရေးအစ ဘုန်းတော်ကြီးကျောင်း ပညာရေးက" ပြောစမှတ်ထားခဲ့သည်။ ယနေ့တိုင်အောင်လည်း ဘုန်းတော်ကြီးကျောင်းပညာရေး တည်ရှိမြဲဖြစ်သည်။ တပည့်တို့၏ အကျိုးစီးပွားရေးကို ရှေးရှုဦးတည်သော ရဟန်းကျင့်ဝတ်၊ လူကျင့်ဝတ်များ၊ စည်းကမ်းချက်များ၊ မင်္ဂလာတရားတော်များစသဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာ အကျိုးရှိစေမည့် သင်ခန်းစာများကို ဆရာတော်၊ သံဃာတော်များက သင်ကြားပို့ချဆုံးမပေးခဲ့သောကြောင့် ဆရာတော်၊ သံဃာတော်များလည်း မြတ်ဆရာများပင် ဖြစ်ပါသည်။ မိခင်၊ ဖခင်တို့လည်း ကျေးဇူးရှင် "လက်ဦးဆရာ" များဖြစ်ကြပါ၏။ မိမိရင်သွေးကိုပြုစု၊ ယုယ၊ သင်ပြဆုံးမခဲ့ကြသည်။ စားဝတ်နေရေး ငွေရှာပေးရုံသာမက ကျွေးမွေး၊ သုတ်သင်၊ သွန်သင်ညွှန်ပြဆုံးမခဲ့ကြသည်။ မိဘနှစ်ပါးတို့သည်လည်း လက်ဦးဆရာ၊ မြတ်ဆရာများပင်ဖြစ်သည်။ သားငယ်သမီးငယ်များ ကျောင်းနေအရွယ်ရောက်လာသောအခါ အသိပညာ၊ အတတ်ပညာသင်ကြားပေးကာ ဆုံးမပဲ့ပြင် သွန်သင်လမ်းညွှန်ပေးကြသော မြတ်ဆရာတို့ထံ

**စာမျက်နှာ ၁၉ သို့**☆

**"မြန်မာ့ပညာရေးတွင် ဘုန်းတော်ကြီးကျောင်းပညာရေးသည် လက်ဦးအစ အဓိကအရေးပါခဲ့သည်။ "မြန်မာ့အမျိုးသားပညာရေးအစ ဘုန်းတော်ကြီးကျောင်း ပညာရေးက" ပြောစမှတ်ထားခဲ့သည်။ ယနေ့တိုင်အောင်လည်း ဘုန်းတော်ကြီးကျောင်းပညာရေး တည်ရှိမြဲဖြစ်သည်။ တပည့်တို့၏ အကျိုးစီးပွားရေးကို ရှေးရှုဦးတည်သော ရဟန်းကျင့်ဝတ်၊ လူကျင့်ဝတ်များ၊ စည်းကမ်းချက်များ၊ မင်္ဂလာတရားတော်များစသဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာ အကျိုးရှိစေမည့် သင်ခန်းစာများကို ဆရာတော်၊ သံဃာတော်များက သင်ကြားပို့ချဆုံးမပေးခဲ့သောကြောင့် ဆရာတော်၊ သံဃာတော်များလည်း မြတ်ဆရာများပင်ဖြစ်"**

# လပွတ္တာမြို့၌ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်းနှင့် သင်မောင်းလိုင်စင်ပြုလုပ်ခြင်းလုပ်ငန်းများဆောင်ရွက်

**လပွတ္တာ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ လိုင်စင်မဲ့ ထော်လာဂျီများအား လိုင်စင်အသစ်ပြုလုပ်ပေးခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း၊ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးခြင်း၊ သင်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း စသည့်လုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီမှစ၍ လပွတ္တာမြို့ အမှတ်(၅) ရပ်ကွက် ရဲတံခွန်ခန်းမ၌ ပြုလုပ်ပေးသည်။

**သွားရောက်ကြည့်ရှု**

အဆိုပါ လိုင်စင်များပြုလုပ်ပေးရာနေရာသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြုလုပ်ပေးရာ လပွတ္တာမြို့နယ်အတွင်းရှိ ဆိုင်ကယ် ၁၈၆ စီး လိုင်စင်သက်တမ်းတိုးခြင်း၊ သင်မောင်းလိုင်စင် ၁၇၆ ဦး ပြုလုပ်ပေးခြင်းနှင့် ထော်လာဂျီယာဉ် စုစုပေါင်း အစီးရေ ၄၀ ၏ လိုင်စင်သက်တမ်း



တိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း လပွတ္တာမြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)



# အုတ်ဖိုမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်

**အုတ်ဖို အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ယနေ့နံနက် ၁၀ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တူညီဝတ်စုံများပေးအပ်ရာ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ က လက်ခံရယူခဲ့ကြသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၃ ရက်မှ ၂၈ ရက်အထိ ၂၆ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ၏။**

# တိုက်ကြီးမြို့နယ်၌ သက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**တိုက်ကြီး အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မိုးကုလားကျေးရွာအုပ်စု မိုးကုလား(အနောက်)ကျေးရွာ ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက သက်မွေးဝမ်းကျောင်းအထောက်အကူပြု အကြော်မျိုးစုံသင်တန်း (၃/၂၀၂၂)ကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဖျောက်မြို့အုပ်ချုပ်ရေးမှူး ဦးချမ်းမင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်ရည်မွန်ဖြိုးတို့က နည်းပညာများပံ့ပိုးကူညီပေးသွားမည်ဖြစ်ပြီး ကျေးရွာနေပြည်သူ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



## အမြင့်ဆုံးမှာ

❖ မြေရိုင်းထိုးဆွ၊ မျိုးစေ့ချ၍
စိမ်းမြည့္ဓန့်ညှော်ကြ၊ ရှင်သန်ပေါက်လျက်
ခါရောက်ချိန်တန်၊ နံ့သာကျဲသည့်
ပန်းမန်ရောင်စုံ၊ ပွင့်ကြကုန်သော်
ဂုဏ်ယူလွန်းဘိ၊ နှိုင်းမရှိပြီ
ပီတိများကို ဖက်မွေ့သူ...။

❖ မြင့်ခေါင်တောင်ထက်၊ ယိုစိမ့်ထွက်၍
တစ်စက်ချင်းလျှင်၊ မဖိတ်စင်အောင်
တွင်တွင်စုရင်း၊ သွင်သွင်ဆင်းလျက်
ချောင်းတွင်းမြစ်မ၊ တစ်စစတည့်
ထိုမှပင်လယ်၊ သမုဒ်ကျယ်ထိ
ဝင့်ထည်စေရေး၊ စမ်းချောင်းလေးနှယ်
အဝေးဆီမှာ၊ ကျန်ရစ်ပါလည်း
ရင်လှ္မာရွှန်းအိ၊ နှိုင်းမရှိပြီ
ပီတိများကို လှိုင်းစီးသူ...။

❖ လောကလူ့ရွာ..
အရာအားလုံး...
ဆုံးစရှုမြင်၊ အကယ်စင်၌
နေ့တွင်နေမင်း၊ ရောင်ရှိန်ထင်းသို့
လမင်းညခါ၊ ထွန်းလင်းသာသို့
ဆရာကင်းဘိ၊ ဘယ်မရှိ...။

❖ အို...
အမြင့်ဆုံးမှာ၊ ရှိမြဲသာတည့်
ဆရာဟူသည့် နေမင်းများ...။
ဆရာဟူသည့် လမင်းများ ... ။ ။

မောင်စိမ်းနောင်(လယ်ဝေး)

# မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေး

**မအူပင် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သောင်ဇားကျေးရွာအုပ်စုတွင် စစ်ကြောင်းကြီးငါးကြောင်းဖြင့် နယ်မြေစိုးမိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သောင်ဇားကျေးရွာအုပ်စု ဘိုးတကျေးရွာ ဓမ္မသုခကျောင်း တန်ဆောင်းတော်ကြီး၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွှယ်မှုမရှိစေရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ငါးမွေးမြူရေးကိစ္စရပ်များ၊ လယ်ယာမြေကိစ္စရပ်များ၊ ကျေးရွာလမ်းနှင့် တံတားဆောက်ရွက်မှုကိစ္စရပ်များ စသည့် လုပ်ငန်းကိစ္စရပ်အသီးသီးကို သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့်ပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအေးလွင်၊ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

☆စာမျက်နှာ ၁၈ မှ

အပ်နှံကြရသည်။ မြတ်ဆရာတို့သည် တပည့်ငယ်တို့အား ရင်ဝယ်သားပမာ မိဘနှင့်မခြား အကြင်နာတရားအပြည့်ဖြင့် သင်ကြားပြသပေးကြရပါသည်။

မြတ်ဆရာတို့သည် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေးမှုပညာဟူသော ဘက်စုံပညာကို တပည့်တို့အား သင်ပေးကြရပါသည်။ ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်။ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသော သတင်းခေတ်ဟုလည်း ခေါ်ကြသည်။ ဆက်သွယ်ရေးမြန်လွန်းသဖြင့် ကမ္ဘာကြီးကို ရွာကြီးဟု ခေါ်နေကြပေပြီ။ ယခုခေတ်ဆရာတို့က ခေတ်တပည့်တို့အား ခေတ်မီအသိပညာ၊ သိပ္ပံ၊ နည်းပညာ၊ အတတ်ပညာအမျိုးမျိုးကို အချိန်နှင့်တစ်ပြေးညီ သင်ကြားလေ့ကျင့်ပေးကြပါသည်။

မြန်မာနိုင်ငံမှ မြတ်ဆရာများသည် နယ်ချဲ့လက်အောက် ကိုလိုနီခေတ်၌ နိုင်ငံလွတ်လပ်ရေးအတွက် အမျိုးသားကျောင်းများ ထူထောင်ကာ အဘက်ဘက်မှ ပါဝင်လှုပ်ရှားခဲ့ကြသည်။ လွတ်လပ်ရေးရပြီးသောအခါ၌လည်း တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် အားတက်သရော အနစ်နာအပင်ပန်းခံပြီး တပည့်များ နားမျက်စိပွင့်လာအောင် လုပ်ဆောင်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာ၌ လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားပေးနေကြပါသည်။

မြန်မာမှုနယ်ပယ်၌ အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး လောကကို ပညာဖြင့် အလှဆင်ကာ သောကကို ကရုဏာဖြင့် ဖြေဖျောက်ပြီး အများအကျိုးကို ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်တတ်သူများပြုပါဆိုလျှင် ဆရာ ဆရာမများကို ပြရမည်ဖြစ်သည်။ ဆရာဟူသည် တပည့်များအား ရှေ့ဆောင်လမ်းပြပေးနေသည့် မီးရှူးတန်ဆောင် မေတ္တာစေတနာရှင်ကြီးဖြစ်သည်။ ဆရာသမားများ၏ အရိပ်သည်ကား တပည့်တည်းဟူသော မျိုးစေ့ပင်တို့ကို အစဉ်ရှင်သန် ဖွံ့ဖြိုးတိုးတက်မှု ပေးနိုင်စွမ်းရှိလေသည်။ ဆရာများ၏ ဂုဏ်ကျေးဇူးကိုရေးပြ၍ပင် ကုန်စင်မည် မဟုတ်ပါ။ "အာစရိယ ဂုဏော အနန္တော" ဟု နေ့စဉ်ရှိခိုး၍ ဖွင့်ဟထုတ်ဖော် ချီးကျူးချက်များမှာ ဆရာ ဆရာမများ၏ ဂုဏ်ကျေးဇူးဖော်ကျူးရင်း ကမ္ဘာ့ဆရာများနေ့သည် အောက်တိုဘာလ ၅ ရက်နေ့ ကျရောက်မည်ဖြစ်ရာ မြန်မာ့ဆရာများအပါအဝင် ကမ္ဘာ့ဆရာများအားလုံးကို ဂုဏ်ယူလေးစား တန်ဖိုးထားပါကြောင်း ရေးသားလိုက်ရပါသည်။ ။

■

# လူ၏တန်ခိုး

**ပီမိုးနှင်း**

လူမှာ တန်ခိုးရှိ၏။ နေ့စဉ် တန်ခိုးပြလျက်နေ၏။ သို့သော်လည်း ထိုတန်ခိုးမှာ ရိုး၍နေသဖြင့် တန်ခိုးမှန်းမသိပေ။

အားသန်သောသူသည် မော်တော်ကားကို လက်ဖြင့်ဆွဲထားနိုင်လောက်အောင် တန်ခိုးကြီး၏။ ၎င်းလူ၏လက်မောင်းသည် အကြောအမျှင် အသားအမျှင်လေးများဖြင့်သာ ဆက်စပ်၍ထားသော အရိုးစုဖြစ်၏။ လူသည် အဘယ်မျှပင် သန်စေကာမူ သန်ခြင်းကြောင့် အသား၊ အကြောများသည် ပြောင်းလဲကာ ကျောက်သံအဖြစ်သို့မရောက်ပေ။ သို့ပါလျက် အဘယ်အတွက် ပြတ်သတ်၍ မသွားပါသနည်း၊ မစဉ်းစားသူတို့က မာဆယ်တွေမှာ အားနှင့် တင်းကြွခိုင်မာကြီးမား၍လာသောကြောင့်ဟု ပြောပေလိမ့်မည်။ ဤအတိုင်းမှန်လျှင် တင်းရခြင်း၊ ကြွရခြင်းကြောင့် အသားမျှင်လေးများမှာ သာ၍ပြတ်ဖို့၊ ကွဲဖို့သင့်လေရာ တစ်ဖက်၌ မော်တော်ကားက အားနှင့်ဆွဲရာ သာလွန်တင်းပြတ်ကုန်ဖို့ မသင့်ပါလော။ အသားမှာ အဘယ်မျှပင် အားထုတ်စေကာမူ အသားသည် သံမဟုတ်၊ အသားသာဖြစ်ရာ၏။ ထိုအသားထက် မာသဖြင့် ဓားဖြင့်လှီး၍ မရသော သံ၊ ကြိမ် စသည်တို့ပင် ထောင်းခနဲပြတ်လောက်သည့်အရှိန်ကို ဆံဒိုက်ခဲ့သို့သော အားသမား၏ လက်မောင်း၊ ရင်အုပ်သည် အဘယ်နည်းဖြင့် မပြတ်မကွဲဘဲ ခုခံခြင်းပြု၍နေရပါသနည်း။

ဤအရာသည် တန်ခိုးမဟုတ်လျှင် အဘယ်သို့သောအရာ ဖြစ်သင့်ပါသနည်း။ သာလွန်ထင်ရှားသောသက်သေမှာ စိတ်ပညာ၌ လူကို ဓားနှင့် ထိုးပြီး အနာအရာမကျန် သွေးမထွက်ဘဲ နဂိုပြကတေ့အတိုင်း ရှိစေနိုင်ခြင်းသည် တန်ခိုးပင်ဖြစ်လေရာ ထိုတန်ခိုးတို့သည် လူမှာရှိသော ယုံကြည်စိတ်ချသောအတွင်းလူ၏ တန်ခိုးတွေဖြစ်ကြောင်း ယုံမှားဖွယ်မရှိပေ။

ထိုအတွင်းလူရှိကြောင်းကို သက်သေပြရန် အထူးရှာဖွေဖို့မရှိပေ။ အထက်၌ပြခဲ့သော ဥပမာတို့၌ ထင်ရှားရှိပြီးဖြစ်လေရာ ထိုဥပမာမျိုးပေါင်း မရေမတွက်နိုင်အောင် ပြနိုင်လေသည်။

လူတစ်ယောက်သည် အတွက်တစ်ခုကိုကြံ၏။ ညဉ့်အခါ၌ မိမိကိုယ်တိုင်မသိဘဲ ထ၍ထွက်၏။ ထိုညဉ့်လူသည် အတွင်းလူပင်ဖြစ်လေသည်။ ထိုအတွင်းလူကို (Sub – Conscious Mind) အတွင်းစိတ်ဟုခေါ်၏။ အပြင်လူကို (Conscious Mind) အပြင်စိတ်ဟုခေါ်လေသည်။

လူ၏အတွင်းသဏ္ဍာန်၌ တန်ခိုးတစ်ခုရှိ၏။ ထိုတန်ခိုး၏ အစွမ်းဖြင့် လူသည် တိရစ္ဆာန်များနှင့် ခြားနားလေသည်။ ထိုတန်ခိုးသည်ကား အထင်အမြင်စိတ်ပင်ဖြစ်လေသည်။

လောကဓာတ်တစ်ခုလုံး၌ မြင်သမျှကုန်သော ကြီးကျယ်သောအရာဟူသမျှ၊ တိုးတက်သောအရာဟူသမျှ လူ၏အထင်အမြင်စိတ်မှ ထွက်ပေါ်ကြရလေသည်။ ရွှေတိဂုံစေတီတော်ကြီး ပေါ်ပေါက်ပြီးဖြစ်လေသည်။ အာဂရာမြို့တိုက်အဆောက်အအုံကြီးသည် ကမ္ဘာပေါ်၌အလှဆုံးအမျိုးအစားအကျဆုံးဖြစ်ရာ ရှေးဦးပထမတစ်စုံတစ်ယောက်၏ အထင်အမြင်စိတ်၌ ထိုထက်ကြီးကျယ်စွာပင် ပေါ်ပေါက်လျက်ရှိကြလေသည်။ လေယာဉ်ပျံ၊ ဝိုင်ယာလက်၊ ရေဒီယို၊ ဓာတ်သီချင်းစက်များသည် တစ်ဦးတစ်ယောက်၏ အထင်အမြင်စိတ်မှသာ ပေါ်ပေါက်သည်မဟုတ်၊ ကမ္ဘာဦးသူတို့၏စိတ်မှာ ဆက်ဆက်ပေါ်ပေါက်တောင့်တခဲ့ပြီးဖြစ်ကြောင်း၊ ဒသဂီရိ ခေါင်းဆယ်လုံး၊ ရာမ၊ သီတာ ဇာတ်မျိုးဖြင့် သိရလေသည်။ အီဂျစ်ပြည် ပိရမစ်ကြီးများသည် ထို့အတူ စ၍ စိတ်၌ ပေါ်ပေါက်ပြီးနောက် အထည်ကိုယ်ဖြစ်၍လာရလေသည်။

တိရစ္ဆာန်များမှာ ထိုသတ္တိသည် အနည်းငယ်မျှ မထင်မရှားသတ်မှတ်သော အတိုင်းအရှည်ပမာဏကလေးမျှနှင့်သာရှိလေရာ လူမှာ အဆုံးမရှိပေ။ စာကလေးများသည် မိုးကျခါနီးသောအခါ ဥတုနှင့် အပူအအေး အခိုးအငွေ့ အနံ့အသက်တို့၏ အစွမ်းကြောင့် အသိုက်ကိုထင်မြင်၏။ ထိုထင်မြင်ခြင်းမှာ အချိန်အခါနီးကပ်၍ လာမှသာ ပေါ်ပေါက်၍လာလေသည်။

လူမှာ ထိုကဲ့သို့ မဟုတ်၊ အဆုံးမရှိ၊ အတိုင်းအရှည်မရှိဘဲ အဝေးကြီး တင်ကြို၍ထင်မြင်နိုင်လေသည်။

ထိုအထင်အမြင်၏ စိတ်တန်ခိုးကြောင့် တစ်စုံတစ်ရာကိုလုပ်၍ဖြစ်ရုံမက ယခုအခါ ထိုစိတ်စွမ်းကြောင့် အလိုရှိသော အရာတစ်ခုဟုတိုက်ရိုက်ရရှိအောင်ပင်ဖြစ်နိုင်ကြောင်းကို ဆိုက်ကိုလိုဂျီဆရာများ လက်တွေ့ပင်သိရှိကြလေသည်။

တစ်စုံတစ်ရာကို ထိုက်တန်ခဲ့သောစိတ်နှင့် တကယ်ထိထိရောက်ရောက် တောင့်တလျက် စိတ်များထင်မြင်နေချေက ရဖို့ရန်နည်းလမ်းတစ်ခုခု အမှန်ပေါ်ပေါက်၍လာလေသည်။

မေတ္တာပို့လျှင် ထိရောက်တတ်ခြင်းသည် ထိုစိတ်၏အစွမ်းပင်ဖြစ်ရာ အဟုတ်တကယ် တစ်စုံတစ်ယောက်အတွက် ထိရောက်စွဲလမ်းစူးရှသောစိတ်နှင့် မေတ္တာပို့လျှင် ပြည့်ဝနိုင်လေသည်။

တစ်စုံတစ်ယောက်ကို စွဲစွဲလမ်းလမ်း ထင်မြင်သည့်အခါ အထင်အမြင်ခံရသူစိတ်၌ ထင်မြင်သူကို သတိရတတ်လေသည်။ ဤကားထင်သောစိတ်၏ သတ္တိတန်ခိုးအရှိန်ပင် ဖြစ်သည်။

သို့ဖြစ်လေရာ ဥစ္စာကိုဖြစ်စေ၊ ပညာကိုဖြစ်စေ၊ အကျင့်စာရိတ္တကိုဖြစ်စေ၊ အဆွေခင်ပွန်းကိုဖြစ်စေ ထိထိရောက်ရောက် ထင်မြင်တောင့်တကြလျှင် ဧကန်ပင် ရရှိနိုင်ရန် နည်းလမ်းပေါ်ပေါက်နိုင်ကြောင်း ယုံကြည်အပ်ပေသတည်း။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**လူမှုဆက်ဆံရေးကောင်းရှိပါစေ**

"လောကသည် မိမိအတွက်မဟုတ်။ မိမိသည် လောကအတွက်ဖြစ်ပါစေ။"

**ဦးရွှေအောင်(၁၉၂၈–၁၉၉၄)**
**ဗုဒ္ဓဘာသာရေးဆိုင်ရာစာရေးဆရာကြီး**

ကြီးပွားချမ်းသာအောင်မြင်မှုအား လူတိုင်းလူတိုင်းကတောင့်တကြ၊ လိုလားကြသည်။ သို့ဖြစ်သောကြောင့် အောင်မြင်ကြီးပွားချမ်းသာရေးနည်းလမ်းများကိုလည်း အသက်အရွယ်မရွေး လူတိုင်းလူတိုင်းက အသက်ရှင်နေသမျှကာလပတ်လုံး အစဉ်သဖြင့်ရှာဖွေနေကြသည်။ အောင်မြင်ကြီးပွားချမ်းသာရေး နည်းလမ်းပေါင်းမြောက်မြားစွာရှိသည်မှာမှန်သော်လည်း အောင်မြင်ကြီးပွားချမ်းသာမှုကို လူတိုင်းကဖြင့်မရရှိနိုင်။

အောင်မြင်ကြီးပွားချမ်းသာကြွယ်ဝသည့် လူတိုင်းကသာ မှန်ကန်သည့် အောင်မြင်ကြီးပွားရေးနည်းလမ်းများကို ရှာဖွေတွေ့ရှိကြပြီး အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိနိုင်ခဲ့ကြခြင်းဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် အောင်မြင်ကြီးပွားချမ်းသာမှု ရရှိရန် ဦးစွာလူမှုဆက်ဆံရေးကောင်း ထားရှိနိုင်ရေးသည် အခရာကျသည်။ လူမှုဆက်ဆံရေးကောင်းရှိရန် စိတ်တန်ခိုးထက်သန်မှုအတိမ်အနက်ကလည်း အရေးပါလှသည်။ အဆိုပါထက်သန်သည့် စိတ်တန်ခိုးကို အကောင်အထည်ဖော်မှုနှင့် အောင်မြင်ကြီးပွားချမ်းသာနိုင်ရေး ကြိုးစားမှုအမျိုးမျိုးရှိသော်လည်း အလွယ်ဆုံးနှင့်အထိရောက်ဆုံးနည်းလမ်း(၁၀)ချက်ကား ရှိနှင့်ပြီးဖြစ်သည်။

ထိုအောင်မြင်ရေးနည်းနာတို့မှ နံပါတ် (၉) အချက်ဖြစ်သော "လူမှုဆက်ဆံရေးကောင်းရှိပါစေ" ဟူသည်က မိမိ၏စိတ်ကိုကွပ်ကဲကာ လူမှုဆက်ဆံရေးကောင်းစေရန် စိတ်ကူးစိတ်သန်းတို့ဖြင့် မိမိကိုယ်တိုင်က လက်တွေ့တွင် ရဲဝံ့စွန့်စားစွာဖြင့် လုပ်ဆောင်ရမည့်နည်းလမ်းပင်ဖြစ်ပေသည်။

အောင်မြင်လိုသူသည် လူမှုဆက်ဆံရေးကောင်းရှိရပေမည်။ လူမှုဆက်ဆံရေးကောင်းလျှင် ဝန်ဆောင်မှုကောင်းစေမည်ဖြစ်သည်။ ဝန်ဆောင်မှုကောင်းလျှင် မိမိနှင့်ထိတွေ့ရသည့်ဝန်းကျင်ကလူများအတွက် စိတ်ကျေနပ်မှုရစေသည်။ တစ်နည်းအားဖြင့် စားသုံးသူများ၏စိတ်ကျေနပ်မှုကိုရစေမည်ဖြစ်သည်။

လူမှုဆက်ဆံရေးကောင်းမှ ဝန်ဆောင်မှုကောင်းကာ မိတ်ဆွေများ



တိုးပွားရရှိနိုင်သည်။

အောင်မြင်ချင်လျှင်ပြုံးရမည်။ စိတ်ချမ်းသာလိုလျှင်ပြုံးရမည်။ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ဖြင့် ဆက်ဆံရမည်ဖြစ်သည်။ မျက်နှာထားပြုံးရွှင်ကြည်လင်မှုရှိသူကိုပင် ပတ်ဝန်းကျင်မှလူများကနှစ်လိုလက်ခံနိုင်ကြသည်။ မိတ်ဆွေဖွဲ့လိုကြသည်။ ထို့ကြောင့် ပြုံးရမည်ဖြစ်သည်။

စကားပြောသည့်အခါ မျက်နှာကိုစေ့စေ့ကြည့်ကာ မျက်လုံးချင်းဆုံပြီးပြောရမည်။ မျက်လုံးချင်းဆုံပြီး နားထောင်ရမည်။ သို့မှသာ အထိရောက်ဆုံး၊ အကောင်းဆုံးလူမှုဆက်ဆံရေး၏ ဆက်သွယ်မှုကိုရရှိမည်ဖြစ်သည်။ လူမှုဆက်ဆံရေးတွင် မျက်လုံးချင်းဆုံပြီး ပြောဆိုဆက်ဆံခြင်းသည် ပွင့်လင်းမြင်သာရှိမှုပင်။

ပြောဆိုဆက်ဆံရာတွင် နာမည်ခေါ်၍ဆက်ဆံခံရလျှင် မည်သူမဆိုကျေနပ်မှုကို အလိုလိုခံစားရပေသည်။ ထို့ကြောင့် လုပ်ဖော်ကိုင်ဖက်များနှင့် ဖောက်သည်များ၏နာမည်ကို မှတ်မိအောင်ကြိုးစားရမည်။ ယင်းတို့၏နာမည်ကိုသိရှိကာ ခေါ်ဝေါ်သုံးနှုန်းပြောဆိုမှုမှာ အောင်မြင်သည့်ဆက်ဆံရေးအဖြစ်ထိရောက်သည်။

မျက်နှာလိုက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ကို လူအများက မနှစ်သက်ကြပေ။ လေးလေးစားစားဖြင့် အာရုံစိုက်ပြီး တန်ဖိုးထားဆက်ဆံခံရလျှင် တစ်ဖက်လူကကျေနပ်မှုရသည်။ ထို့ကြောင့် ကျား၊ မ အရွယ်မရွေး၊ လူမျိုး၊ ဘာသာမရွေး ခွဲခြားမှုမရှိဘဲ အာရုံစိုက်ကာ ဆက်ဆံရမည်ဖြစ်သည်။

နှုတ်ကထုတ်ဖော်မပြောသည့်တိုင် အမူအရာက ကျေနပ်မှု၊ မကျေနပ်မှုတို့ကိုပေါ်လွင်စေသည်။ ထို့ကြောင့် ဂရုတစိုက်ဆက်ဆံတတ်ရန်လိုသည်။ လူမှုဆက်ဆံရေးတွင် တစ်ဖက်လူ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို သိရှိစေရန် ဂရုတစိုက်ကြည့်တတ်ရပေမည်။

အရွယ်မရွေးရှိတတ်သည့် စရိုက်၊ အကြိုက်၊ အရည်အသွေး၊ အခြေအနေ၊ သဘောထားအမြင် စသည်တို့ကို လိုက်လျောညီထွေပြောဆိုဆက်ဆံရမည်။ အလိုက်အထိုက် ဆက်ဆံတတ်ရန်လိုအပ်ပြီး ထိပ်တိုက်ငြင်းခုံမှုကိုရှောင်ကာ လိုက်လျောညီထွေပြောဆိုဆက်ဆံရမည်ဖြစ်သည်။

မိမိက လေးစားတန်ဖိုးထားကြောင်း တစ်ဖက်လူကိုသိသာစေပြီး ယုံကြည်စိတ်ချမှုရှိစေရန် ဆက်ဆံတတ်ရမည်။ ဆက်ဆံသည့်နေရာတွင် အဆင့်အတန်း၊ အသားအရောင်၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ လူအချင်းချင်း လေးစားအသိအမှတ်ပြုကြောင်းပြသနိုင်ရန်လိုသည်။

သူတစ်ပါးနှင့်ဆက်ဆံရာတွင် မိမိကိုယ်ကိုယုံကြည်မှုအပြည့်အဝရှိရန်အရေးပါသည်။ သို့ဖြစ်၍ မိမိဘက်ကလိုအပ်သည့် အကောင်းဆုံးပြင်ဆင်စီမံနိုင်မှုအပြင် စေတနာကောင်းကိုအရင်းခံပြီး မိမိအခြေအနေ၊ မိမိအရည်အချင်းကို ယုံကြည်မှုအပြည့်အဝရှိနေရမည်ဖြစ်သည်။

သပ်ရပ်သန့်ရှင်းစွာ ဝတ်စားဆင်ယင်မှုတို့ကြောင့် တစ်ဖက်လူက အထင်မကြီးသော်လည်း အထင်မသေးနိုင်။ ဆီလျော်အောင် မဝတ်စားတတ်လျှင် ဦးနှောက်နည်းသူအဖြစ် သူတကာအထင်သေးခံရနိုင်သည်။ ထို့ကြောင့် အများနှင့်ဆက်ဆံရာတွင် သပ်သပ်ရပ်ရပ်ဝတ်ဆင်တတ်ရန်လိုသည်။

ယင်းအချက်များကို ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းက လိုက်နာကျင့်သုံးကြမည်ဆိုလျှင် လူမှုဆက်ဆံရေးကောင်းမွန်သူ၊ လူမှုဆက်ဆံရေးစွမ်းရည်ပြည့်ဝသူအဖြစ် ပတ်ဝန်းကျင်က လက်ခံလာမည်ဖြစ်ပြီး မိမိနှင့်ဆက်ဆံသည့် လူတိုင်းလည်း စိတ်ကျေနပ်မှုရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် လူမှုဆက်ဆံရေးကောင်းရှိသူသည် ကောင်းသောအကျိုးဆက်များကိုရရှိကာ ဘဝတစ်လျှောက်ဖြတ်သန်းမှုတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိပိုင်ဆိုင်လာမည်ဖြစ်ပေတော့သည်။ ။

# အနိုင်ရသူဖြစ်ချင်သလား

မောင်ထူးချွန်

အနိုင်ရတယ်ဆိုရင်ဝမ်းသာကြမယ်၊ ပျော်ရွှင်ကြမယ်၊ ကျေနပ်ကြမယ်၊ ပျော်မြူးကြည်နူးပီတိဖြစ်ကြမယ်ဆိုတာ လူ့သဘာဝတစ်ခုပါပဲ။

လူတိုင်းလူတိုင်းဟာ အနိုင်ရချင်ကြတာပါပဲ။

မနိုင်ရင်လည်းနေပါစေလေ။ ရှုံးချင်လည်းရှုံးပါစေလို့ဆိုတဲ့သူ တစ်ဦးတစ်ယောက်မျှရှိနိုင်မည်မထင်။ လူတိုင်းက အနိုင်ရချင်တာ၊ နှာတစ်ဖျားသာကလေးဖြစ်ဖြစ် အနိုင်ယူလိုက်ရမှဆိုတာမျိုးတွေချည်း ပဲရှိပေမည်။ ပုထုစဉ်လူသားအားလုံး နိုင်ပွဲအလီလီ၊ အောင်ပွဲအဆက်ဆက်ကိုသာ ရရှိလိုကြတာဓမ္မတာပါပဲ။

လူပဲလေ။ လူဆိုတာအတ္တကြီးတယ်။ လောဘကြီးတယ်။ ကိုယ်တိုင်အနိုင်ရချင်တယ်။ နောက်ပြီး ကိုယ်နဲ့ပတ်သက်သူတွေကိုလည်း အနိုင်ရစေချင်တယ်။

ဒီတော့ လူတိုင်းအနိုင်ရသူဖြစ်ချင်ကြပေမပေါ့။

ဒါက သဘာဝတရားကြီးပါပဲ။ အနိုင်ရဖို့အတွက် ဘာတွေလိုအပ်သလဲ၊ အဖြေကိုလည်း ရှာရတော့ပေမပေါ့။ အဖြေကား ရှင်းပါတယ်။ အနိုင်ရချင်ရင် အနိုင်ရနိုင်အောင်ကြိုးစားပေါ့။ ဘယ်လိုကြိုးစားရမှာလဲ။ အရွယ်မရွေးသောကာလတွေမှာ အနိုင်လိုချင်တာဆိုရင်တော့ အရွယ်မရွေးသောကာလတွေမှာ ကြိုးစားရတော့မှာပေါ့။

ဆိုပါတော့ စာသင်သားအရွယ်လောက်ကတည်းက ဘဝမှာ အနိုင်လိုချင်တာဆိုရင် စာသင်သားအရွယ်မှာကတည်းက စတင်ကြိုးစားရမယ်။ အတန်းတိုင်း အတန်းတိုင်းမှာ ထူးချွန်မှုရရှိအောင် ကြိုးစားရမယ်။ သူတကာကို အနိုင်လိုချင်တာဆိုရင်တော့ သူတကာထက် ပိုပြီးကြိုးစား၊ ပိုပြီးရုန်းကန်မှုရမယ်။ သူတကာထက် ခေါင်းတစ်လုံး ပိုရှည်ချင်တယ်ဆိုရင် သူတကာထက် ပိုလေ့ကျင့်ရမယ်၊ ပိုပြီး အပင်ပန်းခံရမယ်။ ပိုအနစ်နာခံကြိုးစားရမယ်ဆိုတာ နှလုံးသွင်းထားရမယ်။ နှလုံးသွင်းရုံတင်မရသေးဘူး၊ လက်တွေ့ကျင့်သုံးလုပ်ဆောင်ရမယ်။ ဒါမှတော်ခါကျမယ်။

ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ရမယ်။ ကောင်းအောင် တည်ဆောက်ဖို့က ကောင်းတဲ့အတွေး၊ ကောင်းတဲ့အကြံ၊ ကောင်းတဲ့စိတ်ကူးစိတ်သန်းတွေ၊ ကောင်းမွန်ချိုသာတဲ့စကားတွေ၊ ကောင်းတဲ့စာနာထောက်ထားမှုတွေ၊ ကူညီမှုတွေ၊ မျှဝေမှုတွေ စတဲ့ ကောင်းတဲ့အရာတွေနဲ့စုစည်းတည်ဆောက်ရမယ်။

ကောင်းမွန်တဲ့အလေ့အကျင့်၊ ကောင်းမွန်တဲ့ အလေ့အထတွေ ဖြစ်အောင် ခြေလှမ်းတစ်လှမ်းပြီးတစ်လှမ်း လှမ်းသလို ကြိမ်ဖန်များစွာထပ်ကြိမ်များအောင်လုပ်ဆောင်ရမှာဖြစ်တယ်။

ကောင်းမွန်တည့်မတ်တဲ့ ခြေလှမ်းပေါင်းများစွာလှမ်းရမယ်။ အထပ်ထပ်အကြိမ်ကြိမ်။ လုပ်ဆောင်မှုထပ်ကြိမ်များအောင် လုပ်ဆောင်မှသာ အလိုရှိရာရတော့မပေါ့။ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းကနေ တက္ကသိုလ်ဝင်တန်းအထိ အချိန်ပေးပြီး ပညာတွေ



ဆည်းပူးကြရတာပဲ။ မူလတန်းကလေးကနေ တက္ကသိုလ်ဝင်တန်း မေးခွန်းလွှာတွေကိုတော့ ဖြေဆိုနိုင်မှာမဟုတ်ဘူးလေ။ အဆင့်ဆင့် ရင့်ကျက်လာအောင် အချိန်ယူပြီး ပျိုးထောင်ရပါလိမ့်မယ်။ အဲဒီအတွက်တော့ စိတ်ရှည်ရမယ်။

ချက်ချင်းလက်ငင်းကို အောင်နိုင်ရမယ်ဆိုပြီးတော့က မဖြစ်နိုင်။ ရည်မှန်းချက်တစ်ခုကို ဝုန်းဒိုင်းဆိုပြီး ခုန်ပျံကျော်လွှားရောက်ချင်ဇော တွေ များတတ်တာရှိတယ်။ လောကသဘာဝမှာကိုက ခြေလှမ်းပေါင်းများစွာ စိတ်ရှည်လက်ရှည်ချီတက်ပြီးမှ ပြောင်းလဲကြရတာ။ အခုရေတွင်းတူး၊ အခုရေကြည်သောက်ချင်လို့တော့မရ။

ဒါကြောင့် ဘယ်အရာမဆို အောင်မြင်မှုနဲ့အနိုင်ရဖို့အတွက် ကြိုးစားကြတဲ့အခါ ပထမခြေလှမ်းက အရေးကြီးတယ်။ ပထမခြေလှမ်းကစဖြစ်ဖို့ အဓိကကျတယ်။ အရပ်မျက်နှာ မှန်ကန်ရမယ်။ လွယ်တယ်ဖြစ်စေ၊ ခက်ခဲတယ်ဖြစ်စေ လမ်းကြောင်းမှန်နေရမယ်။ မျက်စိလည်ကာ အရပ်မျက်နှာလွဲရင် ပန်းတိုင်နဲ့ဝေးသွားနိုင်တယ်။ နောက်တစ်ခုက လမ်းမှားပြီဆိုရင်တော့ ပိုပြီးကြန့်ကြာနှေးကွေးတတ်တာပေါ့ကွယ်။

အောင်မြင်ဖို့၊ အောင်နိုင်ဖို့နဲ့ ဘဝမှာ အနိုင်ရရှိဖို့အတွက် ကြိုးစားချီတက်နေသမျှ ရည်မှန်းချက်ဆီသို့ ပိုပိုနီးကပ်လာစေတဲ့ခြေလှမ်းတွေ ဖြစ်နေရမှာပေါ့။ ခြေတစ်လှမ်းချင်းဟာ မချော်စေဖို့အရေးကြီးတယ်။ မလဲစေဖို့ အထူးပဲဂရုစိုက်ရမယ်။ မြန်မြန်ရောက်ချင်ဇောနဲ့ ကသောကမျောအပြေးလှမ်းတဲ့ ခြေလှမ်းတွေဟာ ခလုတ်တိုက်တတ်တယ်။

အထူးသတိထားဆင်ခြင်ရမယ်။

ဘဝမှာအနိုင်ရဖို့အတွက် ယှဉ်ပြိုင်ရမှာတွေက အများကြီးပဲ။ ယှဉ်ပြိုင်မှုတွေမှာ နိုင်ချင်ဇောကြီးလို့မရဘူး။ အရေအတွက်များရေးကိုလည်း ဦးစားမပေးရဘူး။ လောဘကြီးလို့လည်း မရဘူး။ နည်းမှန်လမ်းမှန်ဖြစ်ရမယ်။

ပထမခြေလှမ်းကအရေးကြီးသလို ပန်းတိုင်မပျောက်ဖို့ကလည်း အရေးကြီးပါတယ်။ ခြေလှမ်းတိုင်းမှာ မတိမ်းမချော်အောင် သတိကြီးစွာထားရမယ့်အပြင် အခက်အခဲကြုံတွေ့ရပါကလည်း ဖွဲနဲ့ ကျော်ဖြတ်ရမယ်။

အဲဒီလိုအခြေအနေမျိုးမှာ မိမိဘဝလက်ရှိအခြေအနေမှန်ကို နားလည်ရမယ်။ လက်ရှိအနေအထားအရ မိမိဘဝဟာ ရှေ့ဆက်သွားလို့ဖြစ်ရဲ့လား။ ဘာတွေလိုအပ်နေသလဲ။ သုံးသပ်နိုင်ရမယ်။ ဘဝမှာ အောင်နိုင်ရေးအတွက် ကြမ်းတမ်းခက်ထန်တဲ့ဘဝကို ဘယ်အသက်အရွယ်ရောက်မှ အနိုင်ရမှာလဲ။ နောက်ထပ် အသက်အရွယ်ကာလ ဘယ်လောက်ကြာကြာ ရုန်းကန်ရဦးမှာလဲ။ ဘယ်လောက်ကြာကြာကြိုးစားရဦးမှာလဲဆိုတာ အမြန်ဆုံးသုံးသပ်ဆုံးဖြတ်နိုင်ရမယ်။

အချိန်တွေကတရွေ့ရွေ့ကုန်ဆုံးသွားတာ။ ဒီတော့ ဒီရည်မှန်းချက်၊ ဒီကြိုးစားမှုနဲ့ကတော့ အောင်မြင်အနိုင်ရဖို့ မနီးစပ်နိုင်သေးဘူးဆိုရင် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိရမယ်။ စိတ်ရော၊ လူရော၊ မူရောကို ချက်ချင်းပြောင်းလဲပစ်လိုက်ပြီး စိတ်သစ်၊ လူသစ်၊ မူသစ်၊ အတွေးသစ်၊ အမြင်သစ်တွေနဲ့ စွန့်စားရုန်းကန်ရတော့မှာပေါ့။

တစ်လောကလုံးကို ပြုပြင်ပြောင်းလဲဖို့ ခက်ခဲချင်ခက်ခဲမယ်။ မိမိဘဝကို ဆိုးရာမှကောင်းအောင်၊ ညံ့ရာမှတော်လာအောင် ပြောင်းလဲရာမှာကား ကိုယ်တိုင်ကသာ စိတ်ဆုံးဖြတ်မှု ယတိပြတ်ခိုင်မာပါစေ၊ ဘဝတစ်ခုလုံး အမှောင်မှ အလင်းသို့၊ အမည်းမှ အဖြူသို့ အချိန်တိုအတွင်း အမှန်တကယ်ပင်ပြောင်းလဲပစ်နိုင်ပါတယ်။

မယုံမရှိပါနဲ့။ ဒီကိစ္စကို အသေးအဖွဲလို့မထင်လိုက်ပါနဲ့။ အသေးအဖွဲလို့ထင်ရတဲ့ ပြုပြင်ပြောင်းလဲခြင်းတွေရဲ့ ပထမခြေလှမ်းကိုသာ စတင်လျှောက်လှမ်းဖို့လိုတာပါ။

သွားနေတဲ့သူဟာ သေချာပေါက် ခရီးရောက်မှာပါပဲ။ မသွားတဲ့သူကသာ ဘယ်လိုမှခရီးမပေါက်နိုင်တာ အသေအချာပေါ့ကွယ်။ ပြောင်းလဲမယ်လို့ စဉ်းစားသူအတွက် ခြေတစ်လှမ်းဟာ ကုဋေတစ်သန်းထိုက်တန်တယ်။ ဒီလိုအပြုအမူတစ်ခုက နေ့စဉ်နေ့စဉ် ပြုဖန်များလာတဲ့အခါ အလေ့အထ၊ အကျင့်စရိုက်အဖြစ်စွဲမြဲလာတယ်။

ဘဝရဲ့ဖြတ်သန်းမှုမှာ လိုအပ်လာရင် အမူအကျင့်ဟောင်းတွေ၊ လုပ်ဆောင်မှုဟောင်းတွေ၊ ပတ်ဝန်းကျင်ဟောင်းတွေ၊ အတွေးအမြင်ဟောင်းတွေ၊ ရည်မှန်းချက်အဟောင်းတွေ၊ ပန်းတိုင်အဟောင်းတွေ၊ ကျင်လည်ရတဲ့ လူမှုလောကဝန်းကျင်ဟောင်းတွေကို အပြန်ပြန်အလှန်လှန် ဝေဖန်သုံးသပ်ကာ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီး အတွေးသစ်အမြင်သစ်များစွာနဲ့ အစားထိုးလုပ်ဆောင်နိုင်ရမယ်။

ဒါမှသာ လက်ကျန်ဘဝအပိုင်းအစစ်တစ်ခုမှာ အောင်မြင်ဖို့၊ ကြီးပွားချမ်းသာဖို့၊ အနိုင်ရဖို့အတွက် ကြိုးစားရုန်းကန်ဖို့အခွင့်အရေးကောင်းတွေ၊ နည်းလမ်းကောင်းတွေ ရရှိလာမှာပေါ့ကွယ်။

ဘဝမှာ လူတိုင်းမျှော်မှန်းတောင့်တအလိုရှိကြတဲ့ ဘဝမှာ အနိုင်ရသူအဖြစ်ရရှိရေး နိဿရည်းတွေပါပဲ။ ကိုယ်တိုင်လိုက်နာကျင့်ဆောင်နိုင်ကြမယ်ဆိုရင် လူတိုင်းအတွက်ရော၊ မောင်တို့မယ်တို့အနေနဲ့ရော ဘဝဖြတ်သန်းမှုမှာ အနိုင်ရသူဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# သင်၏ဂန္ထဝင်လက်ရာကို ယနေ့ရေးဆွဲပါ

အောင်မြတ်စည်သူ

သင်၏တစ်နေ့တာကို ပန်းချီဆရာတစ်ဦး၏ ပန်းချီမဆွဲရသေးသော ဗလာကင်းဘတ်အဖြစ်မြင်ပါ။

သင်သည် တစ်နေ့တာကို ဖြစ်သလို ဖြတ်သန်းခဲ့လျှင် သင့်ကင်းဘတ်ပြားပေါ်တွင် တခြားသူများနှင့် အခြေနေများက စွန်းချင်သလိုစွန်း၊ ထင်းချင်သလိုထင်း၊ ပစ်ခတ်သုတ်ပစ်သော စုတ်ချက်များကို သင် ရိုးရိုးကုတ်ကုတ်လေးခံလိုက်ပါလျှင် အနုပညာလက်ရာတစ်ခုဖြစ်ရမည့်နေရာတွင် အရောင်အသွေးညစ်ပေရှုပ်ထွေးနေချက်တစ်ခုသာမြင်ပေမည်။

ထိုအညစ်အထေးများက သင့်ကို အအိပ်ပျက်စေပါလျှင် သင်၏နောက်နေ့သစ်သည် နွမ်းလျမှုနှင့် စိတ်ရှုပ်ထွေးမှုပျပျဖြင့် အစပြုပေလိမ့်မည်။ ထိုအနေမှသည် သင့်ကင်းဘတ်သည် သင်မနှစ်သက်သော သဏ္ဍာန်နှင့် သင်မရွေးချယ်သောအရောင်များဖြင့် ထပ်တိုး၊ ဆေးရော၊ ရှုပ်ထွေးညစ်ထေးပေဦးမည်။

သင်၏စိတ်ကို အင်တာနက် အတင်းအဖျင်း၊ ရေဒီယိုပေါ်မှ စီးပွားရေးကြော်ငြာများ၊ နောက်ဆုံးလူသတ်မှုတရားခွင်စစ်ဆေးချက်၊ သင့်အိမ်ထောင်ဖက်၏ ဝေဖန်ပုတ်ခတ်ချက်၊ ရုံးဌာန၊ နိုင်ငံရေးနှင့် လောကကို အကောင်းမမြင်သော တေးကဗျာစာသားများဖြင့် ပြည့်လျှံစေလျှင် ဖြစ်ပေါ်နိုင်သည့် အနေကို သဘောပေါက်ခြင်းဖြင့် သင့်တစ်နေ့တာကို ပန်းချီဆရာ၏ကင်းဘတ်အဖြစ် မြင်ခြင်းအကျိုးကို ပို၍သတိချပ်မိနိုင်သည်။

သင်၏ နေ့စဉ်ကင်းဘတ်များသည် ဤအကျိုးမပြုအရာများဖြင့် ပြည့်လျှံနေကြောင်း အမှန်တကယ်နှင့် အသေအချာရှုမြင်နိုင်ရန်အတွက် သင့်ကိုယ်သင် နောက်သို့ဆုတ်ကြည့်ပါလျှင် တစ်ခုသောအတိုင်းအတာလွတ်လပ်မှုရရှိပေမည်။

ကျွန်တော်တို့ကင်းဘတ်များပေါ်တွင် ကျွန်တော်တို့ စိတ်ကြိုက်ရေးဆွဲလိုရာရေးဆွဲနိုင်ကြောင်း အသိပို၍ရှိလာလေလေ ဘဝကို အခြေအနေ၏သားကောင်အလား အကုန်မခံလေလေဖြစ်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ သားကောင်အဆင့်ကိုပင် မသိကြချေ။ ကျွန်တော်တို့သည် ကော်ဖီစားပွဲပေါ်ရှိရာကို ဖတ်သည်။ ကားရေဒီယိုမှ လာရာကို နားထောင်သည်။ လက်သင့်ရာကို စားသည်။ အင်တာနက်မှာရှိရာကို ဖတ်သည်။ တယ်လီဖုန်းတွင် ကြုံရာလူကိုစကားပြောသည်။ နောက်ဆုံးပြောရလျှင် ရီမုတ်ခလုတ်ကိုနှိပ်ရန် ပျင်းကြလွန်း၍ပင် ရုပ်မြင်သံကြားမှပြရာကို ကြည့်သည်။

ထိုအရာအားလုံးကို ပြောင်းလဲနိုင်သော အနေအထား ကျွန်တော်တို့မှာရှိသည်ကို ကျွန်တော်တို့ သိရမည်။ ကျွန်တော်တို့တစ်နေ့တာကို ကျွန်တော်တို့ နည်းလမ်းဖြင့် ရေးဆွဲနိုင်သည်။ ကျွန်တော် တက်ရောက်ခဲ့သမျှ အကောင်းဆုံးသောအချိန်စီမံခန့်ခွဲနည်း (သို့မဟုတ်) နေ့တာရေးဆွဲနည်းသင်တန်းသည် ဒန်နစ်ဒီတွန်၏သင်တန်းပင်ဖြစ်သည်။ သူ ဟောပြောပို့ချချက်၏အဓိကအချက်ကား ကျွန်တော်တို့အချိန်ကို စီမံခန့်ခွဲ၍မရချေ။ ကျွန်တော်တို့ ကိုယ်သာ ကျွန်တော်တို့ စီမံခန့်ခွဲနိုင်သည်ဟုပင်ဖြစ်သည်။

‘ရှုပ်ထွေးပွေလီနေသမျှကို သင့်စိတ်ထဲမှ ရှင်းပစ်လိုက်ပါ။ ပို၍ကြီးမားသော အောင်မြင်မှုသို့ အဟန့်အတားများကို ဖယ်ရှားလိုက်ပါ’ ဟု ဒီတွန်က ဆိုသည်။

အချိန်စီမံခန့်ခွဲရေးသင်တန်းများသည် အများအားဖြင့် အင်ဂျင်နီယာသင်တန်းများနှင့် တူသော်လည်း ဒီတွန်သည် သူ၏ပို့ချမှုတွင် ပန်းချီဆရာ၏ စိတ်ဓာတ်ကို ဖမ်းယူနိုင်သည်။ သူ၏သင့်နေ့တာကို စီမံခန့်ခွဲနည်းသည် ရည်မှန်းချက်ဖန်တီးခြင်းနှင့် သင်ဖန်တီးသောအသွင်များအတိုင်း နေထိုင်ခြင်းဟူသောသဘောတရားမှ ပေါ်ထွက်လာသည်။

အိပ်ယာမှနိုးထပြီး သင့်နေ့တာကို ကင်းဘတ်ဗလာတစ်ခုအဖြစ်မြင်ပါ။ သင့်ကိုသင် မေးမြန်းလိုက်ပါ။ ‘ဒီနေ့ ပန်းချီဆရာက ဘယ်သူလဲ။ ဖြစ်ချင်ရာဖြစ်လား။ ငါလား.....။ ငါ ပန်းချီဆရာဖြစ်တယ်ဆိုရင် ငါ့ရဲ့နေ့တာကို ငါဘယ်လိုရေးဆွဲချင်သလဲ’

**Ref: Design your classic masterpiece today!**
**by Steve Chandler**

■

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၁၃၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၁၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၈၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၀၄,၇၉၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၄,၂၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၈,၇၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံတစ်ခုခုရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါ အခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်- ၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှု

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန်တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၂၅၄၆၅၉ | ၉၅၁၈၈၃၈၈ | ၁၀၈၄၈၉၃ |
| ၂။ | အိန္ဒိယ | ၄၄၅၉၇၄၉၈ | ၄၄၀၃၂၆၇၁ | ၅၂၈၇၀၁ |
| ၃။ | ပြင်သစ် | ၃၅၄၇၅၂၆၀ | ၃၄၅၆၇၅၉၉ | ၁၅၅၁၀၂ |
| ၄။ | ဘရာဇီး | ၃၄၇၂၁၂၂၈ | ၃၃၈၅၃၆၉၃ | ၆၈၆၃၆၆ |
| ၅။ | ဂျာမနီ | ၃၃၃၈၆၂၂၉ | ၃၂၃၈၂၉၀၀ | ၁၅၀၀၆၄ |
| ၆။ | တောင်ကိုရီးယား | ၂၄၈၃၁၇၆၁ | ၂၄၂၃၅၉၈၁ | ၂၈၅၀၉ |
| ၇။ | ဗြိတိန် | ၂၃၆၇၂၈၅၅ | ၂၃၃၆၀၇၂၃ | ၁၉၀၃၁၇ |
| ၈။ | အီတလီ | ၂၂၅၂၉၂၅၂ | ၂၁၈၈၄၁၅၃ | ၁၇၇၁၅၀ |
| ၉။ | ဂျပန် | ၂၁၃၄၅၉၃၉ | ၂၀၄၀၀၉၁၁ | ၄၅၀၁၈ |
| ၁၀။ | ရုရှား | ၂၁၀၇၃၁၈၅ | ၂၀၁၇၅၉၀၂ | ၃၈၇၅၅၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၁၃၁၄ | ၁၀၅၉၃၁၈၁ | ၄၃၁၄၉ |
| ၂။ | အင်ဒိုနီးရှား | ၆၄၃၅၇၁၉ | ၆၂၆၁၂၈၂ | ၁၅၈၁၄၃ |
| ၃။ | မလေးရှား | ၄၈၄၃၈၆၅ | ၄၇၈၃၃၉၃ | ၃၆၃၇၅ |
| ၄။ | ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၅၅၇၅၈ | ၃၈၆၄၆၀၅ | ၆၃၀၄၂ |
| ၆။ | စင်ကာပူ | ၁၉၁၄၂၈၀ | ၁၈၃၂၀၄၄ | ၁၆၂၀ |
| ၇။ | မြန်မာ | ၆၂၄၂၉၂ | ၅၉၈၇၂၁ | ၁၉၄၆၁ |
| ၈။ | ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၈၈၀ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၉၃ | ၁၃၄၇၅၉ | ၃၀၅၆ |

## ထန်းတပင်မြို့နယ်၌ (၁၆) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကာကွယ်ဆေးထိုးနှံ

**ထန်းတပင် အောက်တိုဘာ ၃**

(၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါကင်းစင်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို တောင်ငူခရိုင် ထန်းတပင်မြို့ နယ် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးနှင့် မြို့ပေါ်ရပ်ကွက်များ၌ အောက်တိုဘာ ၂ ရက်က ပြုလုပ်ကြောင်း သိရသည်။

**အခမဲ့ထိုးနှံခဲ့**

ယင်းသို့ဆောင်ရွက်ခဲ့ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာနှင်းထက်ထက်အောင်က ခွေးရူးရောဂါဖြစ်ပွားသော တိရစ္ဆာန်များမှတစ်ဆင့် လူသားတို့ထံကူးစက်နိုင်ပြီး အသက်သေဆုံးသည်အထိ အန္တရာယ်ရှိကြောင်းနှင့် မိမိ၏အိမ်မွေးတိရစ္ဆာန်များကို ခွေးရူးရောဂါကာကွယ်ဆေး နှစ်စဉ်ပုံမှန်ထိုးနှံခြင်းဖြင့် အသက်သေဆုံးမှုအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ခွေးရူးရောဂါအသိပညာပေး လက်ကမ်းစာစောင် များ ဖြန့်ဝေခဲ့ကာ မြို့နယ်အတွင်းရှိ ခွေး၊ ကြောင် အကောင် ၄၀ အား ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံခဲ့ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း အမှတ်စဉ်(၉၀)နှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၆) သင်တန်းဖွင့်ပွဲများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃

စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း အမှတ်စဉ်(၉၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း အမှတ်စဉ်(၉၁)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၅၉ ဦး၊ သင်တန်းသူ ၁၄၅ ဦး စုစုပေါင်း ၂၀၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်သည်။





အလားတူ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် အောက်တိုဘာ ၃ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်အထိ Hybrid System ဖြင့် ဖွင့်လှစ်မည့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် Online System ဖြင့်ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၆) သို့ တက်ရောက်ကြမည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၂၀၈ ဦး၊ သင်တန်းသူ ၂၄၅ ဦး စုစုပေါင်း ၄၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၅ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်

ဒေးဒရဲ အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျုံသင်နယ်မြေမီးသတ်စခန်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားသည်။

## သင်ကြားပို့ချပေးသွားမည်

သင်တန်းကို ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ရွေးချယ်စုဖွဲ့ထားပြီး သင်တန်းနည်းပြများအဖြစ် မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင် ငါးဦးက စည်းကမ်းသေဝပ်မှု၊ မီးသတ်ပညာဘာသာရပ်နှင့် ရှာဖွေကယ်ဆယ်ရေးဘာသာရပ်များကို ရက်သတ္တလေးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၇



❍ ပေလီကမ်းခြေမှ

စက်ဘီးပြိုင်ပွဲ၊ သဲသောင်ပြင်ပန်းပုပြပွဲ၊ သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့်အတူ ဌာနဆိုင်ရာများ ပူးပေါင်းဖွင့်လှစ်ခဲ့ရာ ကိုဗစ်-၁၉ရောဂါကြောင့် မွန်းကြပ်နေသော ပြည်သူများ အထူးစည်ကားစွာ လာရောက်အပန်းဖြေခဲ့၍ ဟိုတယ်များပြည့်ခဲ့ပြီး ပြည်တွင်းလေကြောင်းလိုင်းများ ခရီးသွားလာမှု ပိုမိုပွင့်လန်းခဲ့သည်။

နိုဝင်ဘာလပွင့်လင်းရာသီ၌ ငပလီကမ်းခြေအပန်းဖြေစခန်းတွင် ခရီးသွားများ ဝန်ဆောင်မှုပေးကြမည့်အဖွဲ့များကို ကမ်းခြေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍများ ပိုမိုသိရှိနိုင်ရန် ဟောပြောပွဲနှင့် သင်တန်းပေးခြင်းတို့ကို အောက်တိုဘာလပထမပတ်၌ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုကော်မတီက လုပ်ဆောင်လျက်ရှိပြီး ယမန်နှစ်ကထက် ခရီးသွားများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရန် ဟိုတယ် ၇၉ လုံးထက် ထပ်မံတိုးမြှင့်ဖွင့်လှစ်ရန် ဟိုတယ်လုပ်ငန်းရှင်များ ပြင်ဆင်ဆောင်ရွက်ထားသည့်နည်းတူ လေကြောင်းလိုင်းများက လေယာဉ်လက်မှတ်များကို ကြိုတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ပင်လယ်ကမ်းခြေတို့၌ အပန်းဖြေနိုင်ရန် ဂွမြို့၊ ကမ်းသာယာကမ်းခြေတွင် ဟိုတယ်များ တည်ဆောက်ထားရှိပြီး ငပလီ၊ ငွေဆောင်နှင့် ချောင်းသာကမ်းခြေတို့တွင်လည်း ဟိုတယ်များအသင့်ပြင်ဆင်ထားရှိသည်။ ယမန်နှစ်ကစတင်ဖွင့်လှစ်၍ သင်္ကြန်ကာလတွင် အထူးစည်ကားခဲ့သော မာန်အောင်ကျွန်းတွင်လည်း အခန်း ၃၃ ခန်းပါရှိသော အဆင့်မြင့်ဟိုတယ်တစ်လုံးနှင့် အခန်း ၂၄ ခန်းပါရှိသော အပန်းဖြေစခန်းတစ်ခုကို ဖွင့်လှစ်ထားရာ ပွင့်လင်းရာသီ မာန်အောင်ကျွန်းတွင် အပန်းဖြေနိုင်ရန် ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုကို အထူးပြင်ဆင်ထားကြောင်းနှင့် နိုဝင်ဘာလ ငပလီဆောင်းဦးပွဲတော်တွင် ပြည်တွင်း/ပြည်ပခရီးသွားများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ဟိုတယ်များကို ယမန်နှစ်ထက် တိုးမြှင့်ဖွင့်လှစ်ရန် ပြင်ဆင်ထားကြောင်း သိရသည်။ **သတင်း-ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**


## တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မျိုးကြည်(စဉ်-၁၀၇၁၂)၊ ဦးဘိုဘို(စဉ်-၁၀၆၆၄) တို့၏ (၂၉-၉-၂၀၂၂)ရက်နေ့ ကြေးမုံသတင်းစာကြော်ငြာပါ "ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်-၂၂၃၊ အလျား ၆၀ပေ x အနံ ၆၀ပေ၊ [အမှတ်-၂၂၃၊ သဇင်လမ်း၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်]နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်အပေါ်" ရှင်းလင်းပြန်ကြားခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်-၂၂၃နေ ဦးမင်းမင်းဦး[၁၄/ဇလန(နိုင်)၁၀၁၄၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ရှင်းလင်းကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမင်းဦးသည် အထက်ပါ မြေကွက်တွင် တစ်ထပ်တိုက်ဆောက်လုပ်ပြီး အုတ်တံတိုင်းခြံစည်းရိုးကာရံကာ လက်ရှိနေထိုင်သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ထိုသို့လက်ရှိနေထိုင်ပြီး ဦးမင်းမင်းဦးအမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပါမစ်ပျောက်ဂရန်လျှောက်ထားခဲ့ပါသည်။ ဦးမင်းမင်းဦး၏ လျှောက်ထားချက်အရ မြေငှားဂရန်စာချုပ်ထုတ်ပေးရန် ကန့်ကွက်ရန်ရှိ/မရှိ ကြေညာခြင်းစာကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ (၆-၁-၂၀၂၁)ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အရပ်ရပ်ကြေညာခဲ့ပါသည်။ ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှလည်း ၁၄-၁-၂၀၂၂ ရက်နေ့တွင် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

ဦးမျိုးသိန်းမှ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ၎င်းလက်ဝယ်တွင် အမည်ပေါက် ပါမစ်မူရင်းရှိသည်ဟု ပြောဆိုလာသဖြင့် အဆိုပါ ပါမစ်မူရင်းကို မှန်ကန်မှုရှိ/မရှိ စစ်ဆေးပေးနိုင်ရန် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၂၀-၇-၂၀၂၂)ရက်တွင် ပထမအကြိမ်၊ (၉-၉-၂၀၂၂)ရက်တွင် ဒုတိယအကြိမ် တရားဝင်တင်ပြခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးမျိုးသိန်းနှင့် ဦးကြည်မောင် လက်ထဲတွင်ရှိသော ပါမစ်မူရင်းများအား မှန်ကန်မှုရှိ/မရှိ တရားဝင်ဥပဒေနှင့်အညီ စိစစ်ရန် ဆောင်ရွက်နေဆဲကာလတွင် ၂၉-၉-၂၀၂၂ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)တွင် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဒုတိယဗိုလ်မှူးကြီးကြည်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သတင်းစာတွင် တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဒုတိယဗိုလ်မှူးကြီးကြည်မောင်[၁/ဝမန(နိုင်)၀၀၂၉၉၄]နှင့် ဦးမျိုးသိန်းတို့အပါအဝင် အခြားမည်သူမဆို ဦးမင်းမင်းဦး လက်ရှိနေထိုင်သည့်မြေကွက်နှင့်ပတ်သက်၍ ပါမစ်မူရင်းများရှိပါက ဤသတင်းစာကြေညာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ၎င်းတို့လက်ဝယ်ရှိ ပါမစ်မူရင်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းရွှေ (B.A,H.G.P,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၈)**

**ဦးကျော်စွာဝင်း(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၀၉၁)**

**အမှတ်-၄၅၂၊ သုတ(၂)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၂၇၇၂၃၊ ၀၉-၅၁၈၄၈၉၃**



## ကန့်ကွက်နိုင်ကြောင်း သတိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ RA VI ကွက်ပြင်၊ ဦးပိုင်အမှတ်(၁၂-ခ/၁၊ ၁၂-ခ/၂၊ ၁၂-ခ/၃၊ ၁၂-ခ/၄)၊ မြေယာအမှတ်(12.A,12.B,12.C,12.D)၊ မြေဧရိယာ(၀.၄၅+၀.၄၅+၀.၄၅+၀.၄၅)ဧကရှိ မြေကွက်တို့အား ဦးကောင်းမြတ်[၁၂/ကမရ(နိုင်)၀၅၆၇၀၃] နှင့် ဒေါ်စိမ်းလဲ့ရည်(ခ) ကက်သရင်း [၁၂/သကတ(နိုင်)၀၉၀၈၉၃]တို့မှ မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့။**



## ကန့်ကွက်နိုင်ပါကြောင်း

Garmanit Services Co.,Ltd ပိုင် Toyota CHR ယာဉ်အမှတ် (5Q/2268) ကို ဦးဌေးဝင်း [၁၂/ဗဟန(နိုင်)၀၄၆၃၆၈]၊ အမှတ်(၄/၁၄၃)၊ ရွှေလီလမ်း၊ ဝေဘာဂီ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူက Myanmar Citizens Bank နှင့်ချိတ်ဆက်၍ (၁၀-၅-၂၀၁၉)ရက်တွင် Hire Purchase စနစ်ဖြင့် အငှားဝယ်ယူခဲ့ပါသည်။ ယခုအခါ အဆိုပါယာဉ်အတွက် Myanmar Citizens Bank သို့ လစဉ်ပေးသွင်းရမည့် ငွေများကို အပြေအကျေပေးသွင်းပြီးဖြစ်ပါ၍ ဘဏ်တွင် အပ်နှံထားသော ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book)နှင့် အာမခံပရီမီယံစာအုပ်များကို အာမခံဖြစ်သူ ဦးညီညီဦး[၁၂/ဗဟန(နိုင်)၀၅၅၃၉၃]၊ အမှတ်(ဆ/၃၁၅)၊ (ဆ)ရပ်ကွက်၊ မေခါဝီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်နေထိုင်သူမှ ပြန်လည်ထုတ်ယူရန် Myanmar Citizens Bank သို့ လျှောက်လွှာတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။ ထိုသို့လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Myanmar Citizens Bank ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂၇)**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09- 5506157, 09- 250842213**



## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၃၇)၊ အခန်းအမှတ်(၁၀၁)တွင် နေထိုင်သော ဒေါ်ခင်သင်းဝေ [၁၂/ဒဂတ(နိုင်)၀၅၁၄၃၀]၏ သမီးဖြစ်သူ မနှင်းနှင်းဇော် [၁၂/ဒဂတ(နိုင်)၁၀၅၆၈၄]သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်ကဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သင်းဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၃)လမ်း၊ အမှတ်(၅၁၂)၊ (၂)ခန်းတွဲ RC (၆)ထပ်အဆောက်အဦ၏(ပဉ္စမထပ်)၊ (၆-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ ဧရိယာ(၁၀၂၆)စတုရန်းပေ+ထပ်ခိုးဧရိယာ(၃၈၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဇော်မိုးဟိန်း [၁၂/သဃက(နိုင်)၀၃၆၇၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထိန်လင်းအောင် [၁၂/ရကန(နိုင်)၀၅၉၅၁၅]၊ ဒေါ်ပြည့်စုံစုံ [၁၂/ကမတ(နိုင်)၀၆၁၅၆၄]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထိန်လင်းအောင်၊ ဒေါ်ပြည့်စုံစုံတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph-09-421157856,09-798458627**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅အီး၊ မြေကွက်အမှတ်-၂၉၇၊ ဧရိယာ(၀.၀၄၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၇၈)၊ ကျွန်းတောလမ်း၊ ကျွန်းလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဦးချန်လင်း [၁၂/စခန(နိုင်)၀၅၅၀၁၂] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးချန်လင်းသည် (၂၅-၅-၂၀၁၄) ရက်နေ့တွင်လည်းကောင်း၊ (မိခင်) ဒေါ်စန်းမြင့်သည် (၁၄-၁၀-၁၉၉၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်သန်းသန်းစိန် [၁၂/စခန(နိုင်)၀၅၅၀၁၃]၊ ဦးအေးကျော်လင်း [၅/ကသန(နိုင်)၀၀၄၅၆၇]၊ ဦးမြင့်သန်းလင်း [၁၂/ပဘတ(နိုင်)၀၂၅၀၄၇]တို့မှ သားသမီးတော်စပ်ကြောင်း လသာမြို့နယ်တရားရုံး၏ (၃၀-၆-၂၀၂၂) ရက်စွဲပါ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ရပ်ကွက်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊ သန်းခေါင်စာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၅၉၇)၊ ဧရိယာ (၄၀' x ၆၀') ရှိ ဦးသန်းထွန်း (DLA-၀၁၃၄၀၁) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍အများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါမြေကွက်အား ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်တီးမား (DLA- ၀၁၃၄၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဌေး (၅/ယမပ (နိုင်) ၁၂၈၇၈၂)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်စန်းစန်းမော် (LL.B)**
တရားလွှတ်တော်ရှေ့နေ ( စဉ် - ၆၄၈၇ )
အမှတ်-၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄




**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ သမိန်ဗရမ်းလမ်း၊ အပိုင်(၂)၊ မြေကွက်အမှတ်(၃၂၂+၃၂၂၁)၊ အလျား(၅၀)ပေx အနံ(၅၀)ပေ၊ ဧရိယာ(၀.၀၅၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်နိုင်ပါကြောင်း**

အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့ မြေစာရင်းတွင် တရားဝင်အမည်ပေါက်၍ လက်ရှိထားပိုင်ဆိုင်ကာ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ မိမိတစ်ဦးတည်းသာ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးထက်လင်း [၇/ညလပ(နိုင်)၁၃၇၇၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ မူရင်းများပြသ၍ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၈၉၉)**
**အမှတ်(၂၇)၊ မြေညီ၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၉၇၂၇၃၄၉၉၆၊ ၀၉-၇၉၁၄၅၄၅၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်အမှတ်(D)၊ အခန်းအမှတ်(11-03)၊ အကျယ်အဝန်း(၁၇၇၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများအပါအဝင် အကျိုးခံစာခွင့်အရပ်ရပ်အားလုံးအား ဒေါ်သက်ဝေစိုး[၁၂/မဂတ(နိုင်)၀၆၈၂၆]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး Owner Book တွင် မိမိအမည်ပေါက်ပြောင်းလဲထားဆဲဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်(၁၃)၊ယဿဝတီလမ်း မြေကွက်အမှတ်(၁၁၇၉)၊အကျယ်အဝန်း(၀. ၀၅၅ဧက)ရှိ ဦးမောင်သိန်း(၁၀/မလမ(နိုင်)၀၁၂၀၂၀) အမည်ပေါက်သည့်နှစ်-၆၀ ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်များအား အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးဦး(၁၂/ဥကတ(နိုင်)၀၁၅၁၈၀)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ ကွင်းအမည်-ဗိုလ်ချုပ်ရေနံစက်ကွက်၊ ကွင်းအမှတ်(၂၅)၊ ဦးပိုင်အမှတ်(၇၊ ၈၊ ၉)၊ ဧရိယာအကျယ်အဝန်း (၁.၂၄၀)ဧရိယာရှိ (၁၀)နှစ် မြေငှားဂရန်သည် သန်လျင်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးလှကြည်(ဘ) ဦးညွန့်မောင်[၁၂/ပဘတ(နိုင်)၀၁၄၃၅၀]ကိုင်ဆောင်သူ၏ အမည်ပေါက် မြေငှားဂရန်ချထားပေးသော မြေကွက်ဖြစ်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးလှကြည်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းထွန်း(ဘ) ဦးအောင်နိုင် [၁၂/သလန(နိုင်)၁၁၄၄၂၉]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြသီတာ(LL.B)** | **ဒေါ်တင်နီလာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၃၀)** |
| **အမှတ်(၁၅၆)၊ ဝါးကျောင်းရပ်ကွက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၀၆၇၅၆၅** | **အမှတ်(၈၄)၊ မင်းနန္ဒာလမ်း၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၇၉၈၁၃၃၄၈၈** |

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် တွဲတွန်း/တွဲဆွဲ ရေယာဉ်မြန်မာ၉-၈/၁၁၈၈၀ ၏ မူလပိုင်ရှင် ရန်ကုန်မြို့၊ (၁၄)ရပ်ကွက်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ အမှတ်(၁၀/၁၂)ဂျီနေ ဦးမောင်မောင်တင် [၅/မရန(နိုင်)၂၄၄၃၁၈]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်းအထောက်အထားများတင်ပြပြီး ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ ပထမထပ်၊ အမှတ်-၁၁နေ ဦးမြင့်သိန်း [၁၄/ကပန(နိုင်)၀၀၄၂၇၂]နှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ အမှတ် (၁၄၅/၁၅၁)နေ ဒေါ်ရီရီနွယ်[၁၄/ပတန(နိုင်)၀၅၆၅၅၂]တို့မှ ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀) အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် စက်မဲ့ဆီတင်တွဲ ရေယာဉ် OB-207 ၏ မူလပိုင်ရှင် ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၃)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ မြေညီထပ်၊ တိုက်(၁) နေ ဦးမောင်မောင်တင် [၅/မရန(နိုင်)၂၄၄၃၁၈]နှင့် ဒေါ်ခင်မိုးမိုး [၅/မရန(နိုင်)၀၀၂၇၉၄]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်းအထောက်အထားများ တင်ပြပြီး ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ ပထမထပ်၊ အမှတ်-(၁၁)နေ ဦးမြင့်သိန်း [၁၄/ကပန(နိုင်)၀၀၄၂၇၂]နှင့် ဒေါ်ရီရီနွယ်[၁၄/ပတန(နိုင်)၀၅၆၅၅၂]တို့မှ ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀) အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ခရီးသည်တင်ရေယာဉ် အောင်မြင့်ဒွေး (၂)/ ၈၆၇၈၏ မူလပိုင်ရှင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ချောင်းတွင်းလမ်း၊ (၁)ရပ်ကွက်နေ ဦးဟိန်းသူအောင် [၁၄/လပတ(နိုင်)၁၇၈၁၇၆]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်းအထောက်အထားများတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝေနကျွန်းသာ (၇)လမ်း၊ အမှတ်(၄၀)နေ ဦးသန်းနိုင်ထွေး [၁၄/ပုသိမ(နိုင်)၂၀၁၂၆၁] မှ ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်- ၃၊ ရန်ပြေ(၁၉)လမ်းအနောက်၊ အမှတ်(၁၄)၊ မြေကွက်အမှတ်(၁၁၅၁/ခ) ဟုခေါ်တွင်သော မနုနုထွေး [၁၂/သကတ(နိုင်) ၀၂၃၂၈၃]အမည်ပေါက်ဂရန်မြေပေ(၂၀x၆၀)အနက်မှ ခေါင်းရင်းခြမ်း (၁၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းနု [၈/ပခက(နိုင်)၁၄၀၁၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်ချစ် [၈/ပမန(နိုင်)၀၀၂၈၄၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးပပလင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၇၂)**
**ဖုန်း-၀၉- ၄၂၀၀၃၈၇၀၃၊ ၀၉- ၉၄၄၁၂၅၄၀၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ ကနောင်အိမ်ရာ၊ တိုက်အမှတ်(၂၉)၊ အခန်းအမှတ်(၁၀၆)၊ အကျယ်အဝန်းပေ(၁၈x၂၆)ရှိ အမည်ပေါက် ဒေါ်သူဇာဝင်း[၁၂/လသန(နိုင်)၀၀၁၆၇၃]ကိုင်ဆောင်သူ၏ ဖော်ပြပါတိုက်ခန်းအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းမြင့်မော် [၁၄/ဖပန(နိုင်)၀၀၆၄၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးထိုက် [၇/ပမန(နိုင်)၁၀၄၆၃၀]က ဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက် အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးညွန့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃/၁၃)(၁၀-၈-၂၀၁၃)**
**အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၁၉၁၀၃၄၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀)၊ အမှတ်(၇၃၁/က)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေချပါမစ်မြေကွက်အမှတ်(၇၃၁/က)၊ ၄၀ါလမ်း၊ (၅၀)ရပ်ကွက်ဟု ခေါ်တွင်သော ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အဦး အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပါမစ်အမည်ပေါက် ဒေါ်ခင်လေးရီထံမှ အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်လင်း (၁၂/ဥကမ(နိုင်)၀၂၇၇၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင့် (B.A,R.L)၊ အထက်တန်းရှေ့နေ (စဉ်-၁၃၄၄၇)**
**အမှတ်(၄၃၉)၊ တောင်သရက်လမ်း၊ (၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၄၄၃၀၂၂၁၃၉၊ ၀၉-၉၁၃၀၂၂၁၃၉**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ခရီးသည်တင်ရေယာဉ် အောင်သန်းညွန့်/၈၆၉၃၏ မူလပိုင်ရှင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဖိုးရန်ကုန်ကျေးရွာနေ ဦးအေးလွင် [၁၄/ငပတ(နိုင်)၀၃၅၅၁၀] ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်းအထောက်အထားများတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၄၃)နေ ဦးသိန်းဇော် [၁၄/ပသန(နိုင်)၁၄၈၄၃၈]မှ ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀) အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၀)၊ ပေါ်ဆန်းမွှေး(၅)လမ်း၊ (၁၂)ရပ်ကွက်၊ မြေကွက်အမှတ်(၂၆၄/က)၊ ဦးသန်းအောင်အမည်ပေါက် ပါမစ်မူရင်းဖြင့် ပိုင်ဆိုင်ခဲ့ပြီး အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ဝယ်လက်ရောက် ရယူထားသူ ကာယကံရှင် ဒေါ်ဆွေဇင်ဦး [၁၂/လမန(နိုင်)၁၁၄၉၆၄]ကိုယ်တိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောအိခိုင်(LL.B,D.M.L,B.Th) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၄၉)**
**အမှတ်(၆၆၂/ခ)၊ လှိုင်မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်)ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(A-2)၊ အခန်းအမှတ်(၁၀၂) ပထမထပ်၊ ဧရိယာအကျယ်အဝန်း ပေ (၃၆x၂၄)အကျယ်ရှိ လူနေတိုက်ခန်းနှင့်ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်မြ[၁၂/သဃက(နိုင်)၁၁၆၆၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီဂီအောင် LL.B,Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သီရိလမ်း၊ ဦးပိုင်အမှတ် (၁/ဃ)၊ ဧရိယာ (၂၆.၇၀၀) ဧကရှိ ဦးလှထွန်းလွင် အမည်ပေါက်ခြံမြေထဲမှ (.၀၅၅)ဧကရှိ ဒေါ်တင်ကြည်ပိုင် ခြံမြေနှင့်အိမ်ကို ဒေါ်တင်ကြည်၏ အမွေဆက်ခံခွင့်ရှိသော သားသမီး(၅)ဦးက ရောင်းချမည်ဆိုသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရိကာရပ်ကွက်၊ ဒါရိကာလမ်း၊ အမှတ်(၁၉/ဒုထပ်)နေ ကျွန်ုပ်၏အသိမိတ်ဆွေမှ ဒေါ်တင်ကြည်၏ သမီးဖြစ်သူ ဒေါ်အမာမြင့် [၁၂/သလန(နိုင်)၀၁၇၄၀၃]အား (၂-၁၀-၂၀၂၂) ရက်နေ့တွင် စရန်ငွေတချို့ပေးချေခဲ့ပါသည်။ ကျွန်ုပ်၏အသိမိတ်ဆွေမှ ဒေါ်အမာမြင့်အား အထက်တွင်ဖော်ပြသော အိမ်ခြံမြေနှင့် ပတ်သက်၍ စရန်ငွေတချို့ပေးချေပြီးဖြစ်၍ အပြီးသတ်ရောင်းဖိုးငွေများက စရန်ငွေပေးချေသည့် နေ့မှ(၂)ပတ်အတွင်း ထပ်မံပေးချေပြီး အပြီးသတ်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ပြုလုပ်မည်ဖြစ်သော အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၇၀၊ ၁၄)**
**အမှတ်-၄၅၂၊ ကံဦးကျောင်းလမ်း၊ ဘုရားကုန်း၊ သန်လျင်မြို့**

## အများသိရှိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၃၆၃) (၄လွှာ-စီ)တွင် နေထိုင်သူ ဦးသန်းနိုင်စိုး [၁၂/မဂတ(နိုင်) ၀၇၆၂၀၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကွင်းအမှတ် (၁-အယ်လ်) ဂျားကျောင်းတောင်ရပ်၊ ရွှေသာလျောင်းဘုရားလမ်း၊ ကျွန်းသာယာရပ်ကွက်၊ အမှတ်(၆/၁) ဟုခေါ်တွင်သည့် ဦးပိုင်အမှတ်(၁၂)မြေကွက်၏ ရှေ့မျက်နှာစာ အလျား (၄၀)ပေ၊ အနောက်ဘက်အကျယ် (၅၀)ပေ၊ အရှေ့ဘက်ဘေးအနံ (၅၀ပေ)၊ အနောက်ဘက်ဘေးအနံ (၆၀ပေ)၊ အကျယ်အဝန်းရှိသော ဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးညွန့်ရွှေ (ကွယ်လွန်)မှ ပိုင်ဆိုင်ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်မိမိခိုင်(ခ) ဖီဇာမိမိမှ လက်ရှိတရားဝင်ပိုင်ဆိုင်၍ ၎င်း၏ မြေးတော်စပ်သူ တရားဝင်ကိုယ်စားလှယ်စာရသူ ဦးသိန်းထွန်းဝင်း [၁၂/မဂတ(နိုင်)၀၈၄၂၇၂]မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ထံတွင်မျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးအပ်ထားခြင်း၊ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းပေးထားခြင်း၊ တစ်စုံတစ်ရာ(လုံးဝ) ပြုလုပ်ထားခြင်းမရှိကြောင်း ဝန်ခံပြောကြား၍ ၎င်းတို့ထံမှ အပြီးပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်သော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသန်းနိုင်စိုး** | **ဒေါ်သဇင်အေးမွန် (LL.B)** |
| **[၁၂/မဂတ(နိုင်) ၀၇၆၂၀၀]** | **အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၅)** |
| **အမှတ်(၃၆၃) (၄လွှာ-စီ)၊ ကျိုက္ကဆံလမ်း၊** | **အမှတ်(၅၉၁)၊ ယုဇန(၄)လမ်း၊** |
| **တာမွေကြီး(ခ)ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | **(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်သည့် သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်အောင် စီမံအုပ်ချုပ်ရန် ရည်မှန်းထား

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (တတိယအကြိမ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ငပလီကမ်းခြေတွင် ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန်အတွက် ဟိုတယ်များ တိုးမြှင့်ဖွင့်လှစ်ရန် ပြင်ဆင်ထား



ရန်ကုန် အောက်တိုဘာ ၃

ငပလီကမ်းခြေတွင် ယမန်နှစ် ပွင့်လင်းရာသီ၌ ခရီးသွားများ အထူးစည်ကားခဲ့ပြီး ယခုလာမည့် ပွင့်လင်းရာသီ နိုဝင်ဘာလဆန်းပိုင်းတွင် ဆောင်းဦးပွဲတော်ကို ဖွင့်လှစ်သွားမည်ဖြစ်ရာ ခရီးသွားများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန် ယမန်နှစ်ထက် ဟိုတယ်များကို တိုးမြှင့်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ငပလီကမ်းခြေ၌ ပထမဆုံးကျင်းပခဲ့သော ဆောင်းဦးပွဲတော်တွင် မီနီမာရသွန်ပွဲ၊ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○

## အောက်တိုဘာလ ၂၄ ရက်အား "ဒီပါဝလီနေ့" အများပြည်သူတို့၏ အလုပ်ပိတ်ရက်အဖြစ် ကြေညာ

နေပြည်တော် အောက်တိုဘာ ၃

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်) တနင်္လာနေ့သည် "ဒီပါဝလီနေ့"ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၆၈/၂၀၂၂ ဖြင့် ယနေ့တွင် ကြေညာလိုက်သည်။ သတင်းစဉ်

## TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည့်တရားခံများ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၅